# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (12-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၆၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုအကျိုးကိုရှေးရှု၍ လေးလေးနက်နက် ဆွေးနွေးဆောင်ရွက်ကြရမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌနှင့်အတူ (NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်ဗညားလယ်နှင့် ဗဟိုကော်မတီဝင် နိုင်အမ်စိုက်ချမ်းတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

ပဉ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃဒါန သံဃာတော်အပါး ၁၀၀၀ ဆွမ်းကြီးလောင်းလှူပွဲကျင်းပ စာမျက်နှာ - ၁၉

တရုတ်နှင့်မြန်မာ လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်း အောင်မြင်မှု မှတ်တိုင်စိုက်ထူ စာမျက်နှာ - ၁၆

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၃°C / | ၃၂°C |
| ရန်ကုန် | ၂၃°C / | ၃၂°C |
| မန္တလေး | ၂၄°C / | ၃၅°C |




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးနှင့် လူ့ဘောင်အဖွဲ့ အစည်းဖွံ့ဖြိုးရေး

မြန်မာ့နိုင်ငံရေးအရွေ့သည် ပြည်သူတို့လိုလားသော ဒီမိုကရေစီစနစ်ဆီသို့ဖြစ်သည်။ ဒီမိုကရေစီလမ်းကြောင်းဆီသို့ လှမ်းချီရာတွင် ဒီမိုကရေစီစံနှုန်း အပြည့်ဖြင့် နိုင်ငံသားတိုင်း ရသင့်ရထိုက်သည့် ဒီမိုကရေစီအခွင့်အရေးများရရှိပြီး လူ့ဘောင်အဖွဲ့တစ်ရပ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးသည် ဒီမိုကရေစီ၏အန္တိမ ရည်မှန်းချက်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကိုအခြေခံပြီး လူ့ဘောင်အဖွဲ့တစ်ရပ်တောင့်တင်းခိုင်မာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် မဖြစ်မနေဆောင်ရွက်ရမည်မှာ ထာဝရငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းရေးအစဉ်တည်မြဲအောင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဒီမိုကရေစီကိုအခြေခံသည့် လူ့အခွင့်အရေးရပိုင်ခွင့်များ ဆုံးရှုံးနေမြဲသာ ကြုံတွေ့နေရမည်ဖြစ်သည်။ ဒီမိုကရေစီကိုအခြေခံသည့် လူ့အခွင့်အရေးဆုံးရှုံးနေသရွေ့ လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းနိုင်မည်မဟုတ်ပေ။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးသည် ပဓာန၊ ငြိမ်းချမ်းရေးသည် ပထမဟူ၍ သတ်မှတ်ကာ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး ကြိုးပမ်းရန်လိုအပ်ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံရေးလောကဇာတ်ခုံတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသောစံနှုန်းများသည်ပုံစံတစ်ခုတည်း သတ်မှတ်ထားခြင်းမဟုတ်ပေ။ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှုကိုအခြေခံပြီး နိုင်ငံအလိုက် ကွဲပြားမှုရှိကြသည်ကို တွေ့ရသည်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာနေထိုင်ပြီး မတူညီသော ကိုးကွယ်ယုံကြည်မှု၊ မတူညီသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများရှိသည်။ သို့သော်လည်း သွေးစည်းညီညွတ်မှု၊ ချစ်ခင်လေးစားမှု စိတ်ထားဖြင့် အတူတကွ လက်တွဲနေထိုင်ကြသည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ပြီဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း အတူလက်တွဲနေထိုင်ကြရာတွင် တိုင်းရင်းသားတို့၏ လိုအင်ဆန္ဒမှာ ငြိမ်းချမ်းရေးဆန္ဒ၊ ငြိမ်းချမ်းရေးအာသီသဖြစ်သည်။

လက်ရှိတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့၏ ငြိမ်းချမ်းရေးဆန္ဒ၊ ငြိမ်းချမ်းရေးအာသီသကို ဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်အစိုးရက အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ဆွေးနွေးရန် ဖိတ်ခေါ်ထားပြီးဖြစ်သကဲ့သို့ ဆွေးနွေးမှုများလည်း ဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံသည် အမျိုးသားအကျိုးစီးပွားနှင့်လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် အခွင့်အလမ်းကောင်းများစွာရှိသည်။ ပထဝီစီးပွားရေးအတွက် လူဦးရေထူထပ်ပြီး အင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်နှင့်အိန္ဒိယကြားတွင် ရှိသည်။ ကုန်းတွင်းပိတ်နိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းရှိပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှုအတွက် ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်များရှိသည်။ ပထဝီနိုင်ငံရေးအတွက် အာဆီယံဒေသတွင်း နိုင်ငံအတွက်သာမက အရှေ့အာရှဒေသမှသည် အင်ဒို-ပစိဖိတ်ဒေသကိုကျော်ဖြတ်ပြီး ဥရောပသမဂ္ဂဒေသထိ အကျိုးသက်ရောက်မှုရှိနိုင်သော အခွင့်အလမ်းကောင်းများရှိသည်။ ၎င်းအခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးသာလိုအပ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကာ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထာဝရငြိမ်းချမ်းရေးရရှိခြင်းသည် လူမှုစီးပွားဘဝဖွံ့ဖြိုးလာပြီး ပညာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မိမိတို့နိုင်ငံ၏လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းနေကြာမျိုးစေ့ထုတ် ဧက ၃၀၀ အတွက် ငွေကျပ်သိန်း ၂၀၀၀ ကျော် ထုတ်ချေးပေးနေ



**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်တွင် ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ဧက ၃၀၀ အတွက် ငွေကျပ်သိန်း ၂၀၀၀ ကျော်ကို အောက်တိုဘာလ ပထမပတ်မှစ၍ ထုတ်ချေးပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

အဆိုပါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းနေကြာမျိုးစေ့ထုတ် စိုက်ပျိုးသည့် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ချေးပေးနေကြောင်း၊ တောင်သူများ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်များ ရရှိစေရန်အတွက် တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထုတ်ချေးပေးရာတွင် မြို့နယ် ငါးမြို့နယ်ရှိ ဆောင်းနေကြာမျိုးစေ့ထုတ်စိုက်ဧက ၃၀၀၊ တောင်သူဦးရေ ၁၀၀ အတွက် ချေးငွေကျပ်သိန်း ၂၀၀၀ ကျော်ကို ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းနေကြာမျိုးစေ့ထုတ် တောင်သူတွေကို ဆက်စပ်ဌာနတွေရဲ့ ထောက်ခံချက်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ထုတ်ချေးပေးနေတာပါ။ ထုတ်ချေးငွေတွေကိုလဲ အောက်တိုဘာလ ပထမပတ်ကနေ ချေးပေးနေတာပါ။ ဒီဇင်ဘာလထိ ချေးငွေတွေကို ချေးပေးသွားမှာပါ။ ဒေသတွင်း စားသုံးဆီဖူလုံစေဖို့အတွက်နဲ့ ဧရိယာတွေ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးတာပါ။ အတိုးနှုန်းသက်သာစွာနဲ့ ဘဏ်ကချေးပေးပါတယ်။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်နှစ်ကို ငါးရာခိုင်နှုန်းနဲ့ ထုတ်ချေးတာပါ။ ဆောင်းနေကြာ စိုက်ပျိုးတဲ့တောင်သူတွေကို အဓိက ထုတ်ချေးပါတယ်။ တောင်သူတွေ အဆင်ပြေစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးနေတာပါ"ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ဆောင်းနေကြာမျိုးစေ့ထုတ်ကွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ ချေးပေးခြင်းဖြစ်ပြီး ထုတ်ချေးပေးနေသည့် မြို့နယ်များမှာ ကျောက်ဆည်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

(၁၈၅)

# ပန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများတင်ပို့သည့် သင်္ဘော များပြားလာ

**မန္တလေး အောက်တိုဘာ ၁၁**

သီတင်းကျွတ်ကာလ ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများ တင်ပို့သည့်သင်္ဘော များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခု သီတင်းကျွတ်ကာလတွင် ဧရာဝတီမြစ် ရေလမ်းကြောင်းမှ တစ်ဆင့် ဗန်းမော်ဆိပ်ကမ်းမှ မန္တလေးဂေါဝိန်ဆိပ်ကမ်းသို့ စားသောက်ကုန်နှင့် အဝတ်အထည်ကုန်ပစ္စည်းများ တင်ပို့မှုများပြားလာကြောင်း၊ ၎င်းကုန်စည်များထဲတွင် အဝတ်အထည်တင်ပို့မှုအများဆုံးဖြစ်ကြောင်း သိရသည်။

"ဗန်းမော်ဆိပ်ကမ်းကနေ အခု ဂေါဝိန်ဆိပ်ကမ်းဘက်ကို တင်ပို့နေတဲ့ အဝတ်အထည်တွေကတော့ ပြည်ပကနေ တင်သွင်းတဲ့ပစ္စည်းတွေများပါတယ်။ မန္တလေးမြို့က အဝတ်အထည်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်တဲ့ လုပ်ငန်းရှင်တွေက ပြည်ပကနေ ကုန်ပစ္စည်းကို မှာယူမှုများလာတာကြောင့် ဗန်းမော်ဆိပ်ကမ်းကနေ ဂေါဝိန်ဆိပ်ကမ်းကို တင်ပို့မဲ့ ကုန်တင်သင်္ဘောတွေများလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဗန်းမော်ဘက်မှ ဂေါဝိန်ဆိပ်ကမ်းသို့ အဝတ်အထည်နှင့် စားကုန်ပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘောများမှာ အောက်တိုဘာလပထမပတ်က အစီးရေ ၃၀ ကျော်သာရှိခဲ့သော်လည်း အောက်တိုဘာ ၁၀ ရက်မှစ၍ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းတင်ပို့သည့်သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၆၀ ကျော်ထိရှိလာကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၄၉၅၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၄၉၅၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ သီတင်းကျွတ်ကာလ ပြောင်းဖူး (ဗမာ)များ မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှု များပြားလာပြီး အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ ထိုသို့ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ပြောင်းဖူး (ဗမာ)များ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"သီတင်းကျွတ်ကာလက ရုံးပိတ်ရက်တွေ ဖြစ်နေပေမဲ့လဲ မန္တလေးဈေးကွက်ထဲမှာ ပြောင်းဖူး (ဗမာ) အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပြီးတော့ ဈေးကောင်းပါပြန်ပြီးရတယ်။ အခုလတ်တလော မန္တလေးဈေးကွက်ထဲမှာလဲ ပြောင်းဖူး(ဗမာ) ကုန်စည်လက်ကျန် နည်းပါးလာတာကြောင့် ဈေးကောင်းရနေပါတယ်။ နောက်ပိုင်းမှာလဲ ပြောင်းဖူး(ဗမာ)တွေ ဒီထက်ပိုပြီး ဈေးကောင်းထပ်ရဖို့ အခြေအနေရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က ပြောင်းဖူး(ဗမာ) ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ သာရှိခဲ့သော်လည်း ယနေ့တွင် ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၄၉၅၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်ကြီး အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကဏ္ဍူ(အရှေ့) ကျေးရွာနှင့် ပုန်းအယ်ကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာ၊ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကဏ္ဍူ(အရှေ့)ကျေးရွာတွင် အလျားပေ ၅၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာမူကြိုကျောင်းဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများအားလုံး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကြိုးစား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ပုန်းအယ်ကျေးရွာတွင် အရှည် ၃၂၉၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကဏ္ဍူကျေးရွာနှင့် ပုန်းအယ်ကျေးရွာတို့တွင် အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းကို ယခုဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၂၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁၄ ဒသမ ၆၅ သိန်းအသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းထံမှ သိရသည်။

**မောင်နိုင်**

# နမ့်စန်မြို့နယ် ပုတ်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နမ့်စန် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပုတ်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ပုတ်ပြန်ကျေးရွာကုန်ထုတ်လမ်းအပိုင်း(၃) ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။

ပုတ်ပြန်ကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း(၃) လမ်းအရှည်တစ်မိုင်နှစ်ဖာလုံဆောင်ရွက်ခြင်းလုပ်ငန်းကို ညိမ်နန်းထိုက်ကုမ္ပဏီက ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၁၂၅ သန်းဖြင့် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၄၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းထံမှ သိရသည်။

**သံသာ**

# ရမည်းသင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၁၁၀၀၀ စိုက်ပျိုးမည်



**ရမည်းသင်း အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၁၁၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထားဧက ၁၁၀၀၀ ကို ယခုလအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် သွင်းအားစုများ ပံ့ပိုးနိုင်ရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲနိုင်ရန် ဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံလျာထားဧက ၁၁၀၀၀ ကျော်ကို စိုက်ပျိုးသွားမှာပါ။ မိုးရာသီမှာ စားဖိုဆောင်သီးနှံစိုက်ဧက ၅၉၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းရာသီမှာတော့ ဧကတိုးချဲ့စိုက်ပျိုးသွားမှာပါ။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးလာမဲ့အပြင် အခြားဒေသကထွက်ရှိတဲ့ သီးနှံတွေ တင်သွင်းရောင်းချစရာ မလိုတော့မှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းအောင်၊ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဌာနကနေ ဆောင်ရွက်ပေးပါတယ်။ အသိပညာပေးဆွေးနွေးမှုတွေကို ကွင်းဆင်းပြီး ပြုလုပ်ပေးပါတယ်"ဟု ဦးအောင်မျိုးသန့်က ပြောပြသည်။ (၁၈၅)

# စလင်းမြို့နယ် ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**စလင်း အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်နှင့် တာဝန်ရှိသူများက ကျပင်း(မ)ကျေးရွာနှင့် သရက်ချဉ်ကျေးရွာတို့၌ ရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ ဒါးဆွယ်ကန်ကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေး စနစ်တကျပြုပြင်ထိန်းသိမ်းကြရန် မှာကြားသည်။

စလင်းမြို့နယ် ကျပင်း(မ)ကျေးရွာတွင်းလမ်း အရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ၊ သရက်ချဉ်ကျေးရွာတွင်း လမ်းအရှည်ပေ ၄၀၀၀၊ အကျယ် ၁၂ ပေ မြေနီကျောက်စရစ်ခင်းခြင်း၊ ဒါးဆွယ်ကန်ကျေးရွာတွင်းလမ်း အရှည်ပေ ၆၀၀၊ အကျယ် ၁၀ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ စီနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အထွေး**

# ရေနံချောင်းမြို့နယ် ကျောင်းရာကန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖိုးကိုးကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ဖိုးကိုးကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာ၌ လေးလက်မ GIပိုက် အနက်ပေ ၁၁၀၀ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ကျေးရွာ ရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ရေနံချောင်းမြို့နယ် ဖိုးကိုးကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်းဖြင့် ရေရရှိရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် Chinduin Strategy ကုမ္ပဏီက တာဝန်ယူ၍ ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများ ရာခိုင်နှုန်းပြည့်ပြီးစီးပါက ဖိုးကိုးကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာရှိ အိမ်ခြေ ၂၆၆ အိမ်၊ လူ ၁၂၀၃ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေများကို ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ပြောပြ၍ သိရသည်။

**နှဲ့ယဉ်**



# ကျစွာမင်းအမိန့်တော်ပြန်တမ်း

မောင်သာ(ရှေးဟောင်းသုတေသန)



ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင်ပြသထားသည့် ကျစွာမင်းအမိန့်တော်ပြန်တမ်းကျောက်စာ။

သမိုင်းပညာရှင်များက အေဒီ ကိုးရာစုမှ ၁၃ ရာစုထိ ထွန်းကားစည်ပင်ခဲ့သည့် ပုဂံခေတ်ကိုစည်းလုံးညီညွတ်သော ပထမမြန်မာနိုင်ငံတော်ဟု သတ်မှတ်ခဲ့ကြသည်။ နှစ်ပေါင်း ၁၀၀၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် ပုဂံသမိုင်းသည် နှုတ်ပြောစကားများ၊ ဒဏ္ဍာရီများ၊ ပါးစပ်ရာဇဝင်များ ရောထွေးနေသဖြင့် ပါမောက္ခဦးဖေမောင်တင်က "ပုဂံရာဇဝင်အကြောင်းပြောလျှင် တုတ်ထမ်းပြီးပြောရမည်ဟုဆိုကြ၏။ အငြင်းအခုန်ဖြစ်ကြပြီး ရိုက်ကြ၊ ပုတ်ကြဖြစ်တတ်သည်ကို ဆိုလိုသည်"ဟု ရေးသားခဲ့သည်။

မြန်မာ့သမိုင်းကို အစဉ်အဆက်မှတ်တမ်းတင်ခဲ့ကြရာတွင် အချို့သော ရာဇဝင်ကျမ်းပြုသူများက ပိုကဲစွာ ရေးသားမှုများရှိခဲ့သဖြင့် နှောင်းခေတ်များတွင် အငြင်းပွားဖွယ်များဖြစ်လာခဲ့သည်။ ရှေးဟောင်းရာဇဝင်များတွင် နှုတ်ပြောစကားများ၊ ဒဏ္ဍာရီများ ရောနှောပါဝင်နေခဲ့သည်။ ရသပါသောဇာတ်လမ်းများ၊ အံ့ဖွယ်ဖြစ်ရပ်များကို စိတ်ဝင်စားသည့် လူသားများ၏ သဘာဝအတိုင်း ရာဇဝင်ရေးသူတချို့က ဖတ်ရှုသူများ စိတ်ဝင်စားမည့် နှုတ်ပြောဇာတ်လမ်းများကို ရာဇဝင်ကျမ်းများတွင် ထည့်သွင်းရေးသားခဲ့ခြင်းများရှိခဲ့သည်။ မိမိတို့၏ဘုရင်ကို ကြီးမားသော အမွှမ်းတင်လိုစိတ်များကြောင့် လွန်ကဲသော ချီးမြှောက်စကားများကို ထည့်သွင်းရေးသားခြင်းများလည်း ရှိခဲ့သည်။ ထို့ကြောင့် ခိုင်မာသောသမိုင်းအထောက်အထားများကို တွေ့ရှိလာချိန်တွင် သုတေသီများသည် အကာကိုပယ်၍ အနှစ်ကိုသာယူခဲ့ကြပေသည်။ ပညာရှင်များက ပုဂံခေတ်ကို သုံးပိုင်းပိုင်းကာ ပုဂံတည်ထောင်ချိန်မှ ခရစ်နှစ် ၁၁ ရာစုထိကို ပုဂံခေတ်ဦး၊ ခရစ်နှစ် ၁၁ ရာစုမှ ၁၂ ရာစုထိကို ပုဂံခေတ်လယ်၊ ခရစ်နှစ် ၁၂ ရာစုမှ ၁၃ ရာစုထိကို ပုဂံခေတ်နှောင်းဟု သတ်မှတ်ခဲ့သည်။ ပုဂံခေတ်သမိုင်းအထောက်အထားများအဖြစ် စေတီပုထိုးကျောင်းကန်များသည် အများဆုံးကျန်ရှိခဲ့သည်။ ထို့အတူ ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ကျောက်စာများကိုလည်း စုဆောင်းသိမ်းဆည်း ဖတ်ရှုနိုင်ခဲ့ကြပေသည်။ ပုဂံခေတ်ထိုးကျောက်စာ အများစုသည် အလှူမှတ်တမ်းကျောက်စာများဖြစ်သော်လည်း အလှူမှတ်တမ်းမဟုတ်သည့် ချစ်ကြည်ရေးမှတ်တမ်းတစ်ခုဖြစ်သည့် ရှင်ဒိသာပါမောက်ကျောက်စာ၊ အုပ်ချုပ်ရေးသတ်မှတ်ချက်မှတ်တမ်းဖြစ်သည့် ကျစွာမင်းအမိန့်တော် ပြန်တမ်းကဲ့သို့သော ကျောက်စာများကိုလည်း တွေ့ရှိနိုင်ကြပေသည်။

**ကျစွာမင်း**

မြန်မာသမိုင်းကျမ်းများက ပုဂံတွင် မင်းဆက် ၅၅ ဆက်စိုးစံခဲ့ကြောင်း ရေးသားခဲ့ကြသော်လည်း တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုပြုစုသည့် တွင်းသင်းမဟာရာဇဝင်သစ်တွင်မူ ပုဂံမင်းဆက်ကို ၅၆ ပါးဖော်ပြထားသည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းကလည်း နားတောင်းများမင်းနှင့် ကျစွာမင်းကြားတွင် နရသိင်္ဃဥစ္စနာမင်း(၁၂၃၅-၁၂၃၅) ရှိခဲ့ကြောင်း တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲစာအုပ်တွင်ရေးသားခဲ့သည်။ တွင်းသင်းမဟာရာဇဝင်သစ်အလိုအရ ပုဂံခေတ် ၅၄ ဆက်မြောက်ဘုရင်သည် ကျစွာမင်း(ခရစ်နှစ် ၁၂၃၅-၁၂၅၁)ဖြစ်သည်။

ကျစွာမင်းသည် ပုဂံခေတ်နှောင်းပိုင်းတွင် ထင်ရှားသည့် ဘုရင်တစ်ပါးဖြစ်ကာ နရပတိစည်သူမင်း၏ မြေးတော်ဖြစ်သည်။ ခမည်းတော် နားတောင်းများမင်း (ခရစ်နှစ် ၁၂၁၁-၁၂၃၁)နှင့် မိဖုရား အိမ်တော်သည်တို့က ကျစွာမင်းသားကို ၁၁၉၈ ခုနှစ် မေ ၄ ရက်တွင် ဖွားမြင်ခဲ့သည်။ ပုဂံ၊ စူဠာမဏိဘုရားမြောက်ဘက်မှရရှိသည့် ကျစွာမင်းမိထွေးတော် ကျောက်စာတွင် ကျစွာမင်းသည် သက္ကရာဇ် ၅၇၇ ခုနှစ် ဝါခေါင်လဆန်း ၄ ရက် ကြာသပတေးနေ့တွင် နန်းတက်ကြောင်း ရေးထိုးထားသည်။ ထိုရက်သည် ၁၂၃၅ ခုနှစ် ဇူလိုင် ၁၉ ရက်ဖြစ်၍ ကျစွာမင်း၏ဘွဲ့မည်သည် ဓမ္မရာဇဖြစ်သည်။

ကျစွာမင်းသည် ခပ်သိမ်းသောသူတို့ကို မေတ္တာ၊ ကရုဏာစိတ်နှင့်ယှဉ်တော်မူ၏ဟု သမိုင်းကျမ်းများတွင် ရေးသားကြ၍ ပိဋကသုံးပုံကို ကိုးခေါက်သင်ယူခဲ့ပြီး တစ်ရက်လျှင် စာဝါ ခုနစ်ဝါ ပို့ချသည်ဟုဆိုသည်။ ကျစွာမင်းသည် ပရမတ္ထဗိန္ဒုကျမ်းကို စီရင်ရေးသားခဲ့ကာ ၁၂၃၅ ခုနှစ်တွင် စကုမြို့၌ ပြာသာဒ်ကျောင်းဆောက်လုပ်ပြီး သီဟမဟာဥပါလိထေရ်အား ကျောင်းရံနေထေရ် ခုနစ်ပါး၊ ကျောင်းနေသံဃာ ၁၆ ပါးတို့နှင့်အတူ ပြာသာဒ်ကျောင်းတင်လှူခဲ့သည်။

ထို့အတူ တုရင်တောင်မှကျသည့်ရေကို ကန်ကြီးဖြင့်ဆည်၍ ကြာမျိုးငါးပါးဖြင့်တင့်တယ်စေကာ ဥယျာဉ်လယ်ယာနှင့်တကွ ကမ်းနား၌ ပြာသာဒ်ဆောက်၍ နေ့ညမပြတ် စာပွဲသဘင်ခံခဲ့သည်။

ကျစွာမင်းသည် ၁၂၄၅ ခုနှစ်တွင် ပုဂံမင်းနန်းသူ့ရွာမြောက်ဘက်တွင် စာသင်ဂူကိုတည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။ ၁၂၄၉ ခုနှစ်တွင် ပြာသာဒ်ကြီး ကွမ်းတောင်ပေါက် လိုဏ်နှစ်ဆင့်ဂူဘုရားကိုတည်ထားခဲ့ပြီး ဘုရားတည်ဆောက်မှုမပြီးမီနတ်ရွာစံခဲ့သည်။ ပြာသာဒ်ကြီးဘုရားကို ပြဿဒါးရက်တွင် စတင်တည်ဆောက်ခဲ့သဖြင့် ပြဿဒါးဘုရားဟုလည်း ထင်ရှားခဲ့သည်။

**အမိန့်တော်ပြန်တမ်း**

သမိုင်းကျမ်းများတွင် ကျစွာမင်းလက်ထက်၌ တိုင်းကားပြည်ရွာ သာယာဝပြောသောကြောင့် ပုန်ကန်သောင်းကျန်းသူမထွက်၊ စစ်မက်မရှိဟု ဖော်ပြကြသည်။ ကျစွာမင်းသည် နိုင်ငံအတွင်း၌ ခိုးဆိုးခြင်းကင်းဝေး၍ လယ်ယာဥယျာဉ်စိုက်ပျိုးရန်၊ တရားသဖြင့် အသက်မွေးကျောင်းကြစေရန်၊ တမလွန်တွင် နတ်ပြည်နှင့် နိဗ္ဗာန်ရောက်စေရန်ရည်ရွယ်လျက် နိုင်ငံအေးချမ်းသာယာအောင် စည်းရုံးအုပ်ချုပ်ခဲ့ရာတွင် အမိန့်တော်ပြန်တမ်းများသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ခဲ့သည်။

မြန်မာအဘိဓာန်တွင် ပြန်တမ်းကို ဘုရင်လွှတ်တော် အမိန့်တော်၊ အစိုးရ၏ ထုတ်ပြန်ချက်အမိန့်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထို့ကြောင့် ပြန်တမ်းသည် အမိန့်တစ်စုံတစ်ရာကို လူအများသိရှိစေရန် ထုတ်ပြန်ပြီး လိုက်နာရမည့် အစဉ်အလာကို ရေးသားထားသည့်စာဖြစ်သည်။

ကျစွာမင်းသည် အမိန့်ပြန်တမ်းများကို ကျောက်ထက်အက္ခရာတင်၍ ကျောက်စာတိုင်များကို အိမ်ခြေ ၅၀ နှင့် အထက်ရှိသည့် ရွာတိုင်းတွင် သင့်လျော်သောနေရာ၌ စိုက်ထူစေကာ ကျောက်စာတိုင်ကို လေဒဏ်မိုးဒဏ်မှ ကာကွယ်နိုင်သည့် တန်ဆောင်းတွင် ထားရှိစေခဲ့သည်။ တန်ဆောင်းအတွင်းရှိ ကျောက်စာတိုင်ပေါ်တွင် ပိတာန်မျက်နှာကြက်ဆင်ရသည်။

လပြည့်၊ လကွယ်နေ့တိုင်းတွင် ရွာလူကြီးနှင့်ရွာသူ၊ ရွာသားများအားလုံးသည် ကျောက်စာတိုင်ရှိရာသို့ သွားရောက်ကြရသည်။ အိမ်ခြေ ၅၀ မပြည့်၍ ကျောက်စာတိုင်မထူထားသည့် ရွာများမှ ရွာသူ၊ ရွာသားများသည် နီးစပ်ရာကျောက်စာတိုင်သို့ သွားရောက်ကြရသည်။ ရွာလူကြီးများက ဦးဆောင်ကာ ကျောက်စာတိုင်တွင် ရေးထိုးထားသည့် စာများကို ရွာသူ၊ ရွာသားများ သိရှိမှတ်သားနိုင်ရန် ဖတ်ပြခဲ့ကြရသည်။

ကျစွာမင်းသည် နိုင်ငံတော်အတွင်း၌ ကျောက်စာတိုင်မည်မျှစိုက်ခဲ့ကြောင်း မသိရှိသော်လည်း ကျစွာမင်းအမိန့် ပြန်တမ်းကျောက်စာတိုင် ၁၁ တိုင်ကိုတွေ့ရှိခဲ့သည်။ ကျောက်စာမှတ်တမ်းများအရ ၎င်းအမိန့်တော်ပြန်တမ်းများကို ၁၂၄၉ ခုနှစ် ဧပြီလနှင့် မေလတွင် ထုတ်ပြန်ခဲ့သည်။

**ကျောက်စာတွင်ရေးထိုးထားသည့် အမိန့်များ**

မြန်မာစာပေတွင်ထင်ရှားသည့် ကျောက်စာဖြစ်သော ကျစွာမင်းအမိန့်တော်ပြန်တမ်းများအနက် မကွေးတိုင်းဒေသကြီး စလေမြို့၏ အရှေ့၊ စလေငွေးချိုမော်တော်ကားလမ်းမြောက်ဘက်ရှိ ဆင်ခေါင်းဘုရားသိမ်တွင် ထိန်းသိမ်းထားသည့် ကျစွာမင်းအမိန့်ပြန်တမ်းကျောက်စာတွင် ကျောက်တိုင်မျက်နှာနှစ်ဖက်လုံး၌ စာများရေးထိုးထားပြီး ပထမမျက်နှာတွင် စာကြောင်း ၅၅ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်း ၄၈ ကြောင်းပါရှိသည်။

ကျစွာမင်းအမိန့်ပြန်တမ်း ကျောက်စာများကိုမူ တိုင်းသူပြည်သားများ ခိုးဝှက်စားသောက်လိုမှုကင်းဝေးစေရန် ခြောက်လှန့်၍လည်းကောင်း၊ ဖျောင်းဖျ၍လည်းကောင်း ဘုရားရှင်၏ တရားတော်များနှင့် ဒိဋ္ဌမျက်မြင်သက်သေများကို ရေးထိုးခဲ့သည်။ ကျောက်စာတွင်ရေးထိုးထားသည့် ဖြစ်ဒဏ်စီရင်ပုံတချို့ကို ပိဋကသုံးပုံတွင်ပါရှိသည့် မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တရနိကာယ်နှင့် မိလိန္ဒပဉှာကျမ်းတို့မှ ကူးယူဖော်ပြထားပြီး ၎င်းပြစ်ဒဏ်အတိုင်းစီရင်ခဲ့ပုံများကို မှတ်တမ်းအထောက်အထားမတွေ့ရှိသဖြင့် ခြောက်လှန့်ရုံမျှသာဟု ယူဆရပေသည်။

ကျောက်စာတွင် အဓိကအပိုင်းသုံးပိုင်းပါဝင်သည်။ ၎င်းတို့သည် အမိန့်ပြန်တမ်းထုတ်ရခြင်းအကြောင်း နိဒါန်းပိုင်း၊ ခိုးမှုပြစ်ဒဏ်နှင့် ညှဉ်းဆဲခြင်း ၃၂ မျိုးကိုဖော်ပြထားသည့် စာကိုယ်ပိုင်းနှင့် မျက်မှောက်ဘဝ လက်တွေ့ချမ်းသာနည်းနှင့် ဆုတောင်းစကား၊ မေတ္တာ

**❖ သမိုင်းကျမ်းများတွင် ကျစွာမင်းလက်ထက်၌ တိုင်းကားပြည်ရွာ သာယာဝပြောသောကြောင့် ပုန်ကန်သောင်းကျန်းသူမထွက်၊ စစ်မက်မရှိဟု ဖော်ပြကြသည်။ ကျစွာမင်းသည် နိုင်ငံအတွင်း၌ ခိုးဆိုးခြင်း ကင်းဝေး၍ လယ်ယာဥယျာဉ်စိုက်ပျိုးရန်၊ တရားသဖြင့် အသက်မွေးကျောင်းကြစေရန်၊ တမလွန်တွင် နတ်ပြည်နှင့် နိဗ္ဗာန်ရောက်စေရန်ရည်ရွယ်လျက် နိုင်ငံအေးချမ်းသာယာအောင် စည်းရုံးအုပ်ချုပ်ခဲ့ရာတွင် အမိန့်တော်ပြန်တမ်းများသည် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ခဲ့သည်။ ❖**

စကား၊ ကျောက်စာတိုင်စိုက်ထူပုံနှင့် ကျောက်စာဖတ်သောအခါ နာယူနည်းများကို ရေးထိုးထားသည့် နိဂုံးပိုင်းဖြစ်သည်။

ကျောက်စာနိဒါန်းပိုင်းတွင် ခိုးစားတိုက်ခိုက်မှုကြောင့် ခိုးသားများကို ရှေးမင်းများက ခိုးပြစ်ခိုးဒဏ်သင့်စေခဲ့ကြောင်း၊ ခိုးပြစ်ခံရသော ခိုးသားများပျက်စီးရကြောင်း၊ ထိုသို့ သတ္တဝါအများ ပျက်စီးခြင်းကို မလိုလားခြင်း၊ သတ္တဝါများအပေါ်တွင် မိမိကဲ့သို့သဘောထားအောက်မေ့၍ ကရုဏာသက်ခြင်းတို့ကြောင့် ကျစွာမင်းကြီးသည် အမိန့်တော်ပြန်တမ်းကို ထုတ်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အမိန့်တော်ပြန်တမ်းကို ရှိရိုသေသေယုံယုံကြည်ကြည်စူးစူးစိုက်စိုက် လိုက်နာသင့်ကြောင်း၊ မင်းကြီးသည် ဤစကားများကို လုပ်ကြံပြောဆိုခြင်းမဟုတ်ဘဲ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင်ဖြစ်သည့် ဘုရားရှင်၏စကားကို မှီး၍ပြောခြင်းဖြစ်ကြောင်း၊ ဤစကားကို လိုက်နာကျင့်ကြံပါက မျက်မှောက်တွင်သာမက တမလွန်တွင်ပါ ချမ်းသာမည်မှာ မလွဲဖြစ်ကြောင်း နှလုံးပိုက်ကြရန် ဖော်ပြထားသည်။

စာကိုယ်ပိုင်းတွင် ခိုးသူများသည် မမိမီရော၊ မိပြီးသည့် နောက်ပိုင်းတွင်ပါ အခါမလပ် ကိုယ်ရော စိတ်ပါတုန်လှုပ်ချောက်ချားလျက် အဆင်းရဲကြီးဆင်းရဲရပုံ၊ အစဉ်အဆက်အရ ခိုးသူကို တစ်ယောက်မျှမမိနိုင်သည်ဟုမရှိ၊ လွတ်သည်ဟု မရှိပုံ၊ မည်မျှပင်ပုန်းအောင်းနေစေကာမူ နှစ်နှစ်၊ သုံးနှစ်အတွင်း ဖမ်းမိပုံများနှင့် အဆူးရှိသော ကြိမ်လုံးဖြင့် ရိုက်နှက်ခြင်းမှစ၍ မျက်စိထုတ်ခြင်းထိပါဝင်သောအပြစ်ဒဏ်များကို ထိတ်လန့်ဖွယ် ရေးထိုးဖော်ပြထားသည်။

ကျောက်စာနိဂုံးပိုင်းတွင် မျက်မှောက်ဘဝချမ်းသာရန် ချောင်းဖောက်၊ ကန်တူးကာ လယ်ယာဥယျာဉ်တို့ကို စိုက်ပျိုးသင့်ကြောင်း၊ စွဲမြဲသော လုံ့လဝီရိယဖြင့် အသက်မွေးမြူပါက လက်ရှိဘဝတွင် ကြွယ်ဝချမ်းသာမည်ဖြစ်ကြောင်း၊ ထိုအခါ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသည့်ကုသိုလ်ကောင်းမှုကိုပြုလျှင် တမလွန်ဘဝတွင် သိကြားမင်းစည်းစိမ်ကိုရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆုံးမစကားဆို၍ အိမ်ခြေ ၅၀ ရှိသည့် ရွာတိုင်းတွင် ကျောက်စာတိုင်စိုက်ထူရန်နှင့် လပြည့်လကွယ်သီတင်းရက်များတွင် ရွာလူကြီးတို့က ဦးဆောင်ကာ ရွာသူ၊ ရွာသားများက အဝတ်အစားကောင်းများ ဝတ်လျက် ကျောက်စာတိုင်တွင်စုရုံးကြရန်၊ ပေါက်ပေါက်၊ ဆီမီးတန်ဆောင်၊ ပန်းတောင်၊ တင်လဲတို့ဖြင့် ပူဇော်ရန်၊ စာတတ်သူတစ်ဦးက ဝတ်ကောင်းဝတ်သန့်ဝတ်၍ စာကိုဖတ်ပြနေစဉ် ကျန်သူများက တလေးတစားနာယူကြရန် ရေးထိုးခဲ့သည်။

ကျစွာမင်းအမိန့်တော်ပြန်တမ်းသည် အမန္ဒနိစာ (ရှေးကပြုခဲ့သော အပြုအမူတို့ကို မှတ်သားထားသည့်စာ၊ ရှေးကထားခဲ့သော တရားဖြတ်ထုံးများ၊ ဓမ္မသတ်များ)ကို ကိုးကားလျက် ခိုးသားများကိုပေးမည့် ပြစ်ဒဏ်များကို ဖော်ပြထားသဖြင့် အမန္ဒနိကျောက်စာဟု ခေါ်ဆိုမှုများလည်းရှိခဲ့သည်။

ပုဂံခေတ်ကျောက်စာများတွင် ထူးခြားသည့် ကျောက်စာဖြစ်သည့် ကျစွာမင်းအမိန့်တော်ပြန်တမ်းများသည် နိုင်ငံအတွင်း သူခိုးသူဝှက်များမရှိစေရန် ကာကွယ်ခဲ့သည့် သမိုင်းမှတ်တမ်းတစ်ခုအဖြစ် အလွန်ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- တွင်းသင်းမဟာရာဇဝင်သစ်(မဟာစည်သူဦးထွန်းညို)
- ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)
- ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ (ဦးငြိမ်းမောင်)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၇၇၅၂၉ ဧက စိုက်ပျိုးပြီးစီး

**ကလေး အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၇၇၅၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၇၈၅၅၀ စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်၍စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးစပါး ၁၇၇၅၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးကာလ ကလေးခရိုင်မှာ မိုးစပါးဧက ၁၇၈၅၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ မိုးစပါးဧက ၁၇၀၀၀၀ ကျော်စိုက်ပျိုးပြီးပြီ။ တစ်နှစ်ထက်တစ်နှစ် မိုးစပါးစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဒီနှစ်ဆိုရင် မိုးလေဝသရာသီဥတုကောင်းမွန်တော့ မိုးစပါးဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၂၆၄၁၂ ဧက၊ ကလေးဝမြို့နယ်တွင် ၁၈၅၂၆ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၃၂၅၉၁ ဧက စုစုပေါင်း ၁၇၇၅၂၉ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် မိုးစပါးလျာထားချက်အနေဖြင့် ကလေးမြို့နယ်တွင် ၁၂၈၅၅၂ ဧက၊ ကလေးဝမြို့နယ်တွင် ၁၆၆၈၈ ဧကနှင့် မင်းကင်းမြို့နယ်တွင် ဧက ၃၃၃၁၀ စုစုပေါင်း ဧက ၁၇၈၅၅၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကလေးခရိုင်၌ မိုးစပါးစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများ ပညာပေးခြင်း၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ထံမှ သိရသည်။ (၂၀၆)



# ချောင်းဆုံမြို့နယ် ဇီးကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၁၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဇီးကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဇီးကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းပေ ၂၁၀၀၀ သွယ်တန်းခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် နှစ်ကန် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုဘ္ဘဏ္ဍာ ပုံငွေကျပ် ၅၆ ဒသမ ၁၇ သန်းဖြင့် မြင့်မိုရ်ကျွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများနှင့်ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမော်က ပြောပြ၍ သိရသည်။

သုတ

## လမ်းဘေးက ပန်းကလေးများ

- ရထားစီး၍
ခရီးသွားစဉ် အမြဲမြင်သည်
ချိုလွင်ပြုံးပြ နှုတ်ဆက်ကြသည့်
ရွာမှကလေးသူငယ်များ။

- ခြေကျင်ထွက်၍
ချီတက်လျှင်လဲ မြင်ရမြဲပင်
ရဲဘော်အလေးပြု ခင်မင်မှုဖြင့်
ဝိုင်းစုပေါင်းဖော် တကြော်ကြော်နှင့်
အော်ကြခေါ်ကြ နှုတ်ဆက်ကြသည်
ရွာမှကလေးသူငယ်များ။

- သူတို့လက်ပြ တို့လက်ပြ၏
တို့ကပြုံးလျှင် သူတို့ရွှင်၏
ရွာစဉ်လျှောက်ကာ သွားသည့်ခါတိုင်း
ကြင်နာဂရု မြန်မာမှုဖြင့်
ယုယနွေးထွေး မေတ္တာပေးသည့်
ကလေးတို့အား မြင်ဖန်များသော်
လှုပ်ရှားရင်မှာ ဝေဒနာကြောင့်
စာဆိုဤသို့ တွေးမိ၏။

- လေးဆွဲခွဆွဲ နှပ်တွဲလဲနှင့်
ဖုန်ထဲသဲထဲ ချွေးရွှဲရွှဲနှင့်
လယ်တဲကိုဖြတ် ချောင်းစပ်ကိုပြေး
ပူပင်ဝေးသည့် ကလေးတို့မှာ
သူတို့ရွာဝယ်
စာသင်စာပြ ဆရာမတို့
စေ့ငှသည်ထား မိဘများက
ကျောင်းသားအရွယ် လူမမယ်(မည်)ကို
ကျောင်းဝယ်ပညာ သင်စိမ့်ငှာလျှင်
အနာဂတ်တွက် မျှော်လင့်ချက်ဖြင့်
ကျောင်းတက်စေကြ ပါလေစ။

- သြော်. . . ပန်းတိုင်းကိုလျှင် ပွင့်စေချင်၏
သို့လျှင်ပွင့်မှ အဆင်းလှသည်
လှသည့်အလျောက်
ကြိုင်လှောက်ပွင့်ဦး ရနံ့ထူးလည်း
ထူးသည့်အလျောက်
ထွန်းပေါက်ကိုယ်စီ စွမ်းရည်ကိုငှ
တင့်တယ်ကြလျက် လောကတစ်ဝန်း
အလှဆန်းလိမ့်
ပန်းကလေးတွေ လမ်းဘေးနေတို့
ရေမြေလေနှင့် အခြေသင့်အောင်
မြင့်တင်နိုင်ကြ ပါစေသတည်း။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## နိုင်ငံ၏စီးပွားရေးအဆင့်ကို တစ်ဦးချင်းဝင်ငွေနှိမ့် နိုင်ငံအဆင့်လျှော့ချရန် သီရိလင်္ကာအစိုးရ သဘောတူ

**ကိုလံဘို အောက်တိုဘာ ၁၁**

နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများထံမှ အကူအညီများ ပိုမိုလွယ်ကူစွာ ရယူရေးအတွက် နိုင်ငံ၏စီးပွားရေးအဆင့်ကိုပြည်သူတစ်ဦးချင်းဝင်ငွေနိမ့် နိုင်ငံအဆင့် လျှော့ချရေး အဆိုပြုချက်ကို သီရိလင်္ကာအစိုးရက ယနေ့တွင် အတည်ပြုလိုက်ပြီ ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ပြည်သူတစ်ဦးချင်းစီ၏ နှစ်စဉ်စီးပွားရေးထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၈၁၅ ဒေါ်လာရှိသည့် သီရိလင်္ကာကို ပြည်သူတစ်ဦးချင်း ဝင်ငွေအလယ်အလတ်အောက် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ဘဏ်က သတ်မှတ်ထားသည်။

သို့သော် နိုင်ငံတကာဘဏ္ဍာရေး အကူအညီများရယူရာတွင် ပိုမိုလွယ်ကူရေးအတွက် နိုင်ငံ၏စီးပွားရေးအဆင့်ကို ပြည်သူတစ်ဦးချင်းဝင်ငွေနိမ့် နိုင်ငံအဆင့်သို့လျှော့ချရန် အစိုးရအဖွဲ့က သဘောတူထားကြောင်း သီရိလင်္ကာအစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် နှစ်ပေါင်း ၇၀ အတွင်း အပြင်းထန်ဆုံးစီးပွားရေးအကျပ်အတည်းကြောင့် ဆေးဝါး၊ လောင်စာနှင့် စားနပ်ရိက္ခာကဲ့သို့ အရေးကြီးသည့် သွင်းကုန်များအတွက် ငွေပေးချေရန် နိုင်ငံခြားအရန်ငွေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

တစ်ချိန်တည်းမှာပင် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ယခုနှစ် တတိယသုံးလပတ်တွင် ၈ ဒသမ ၄ ရာခိုင်နှုန်း ကျုံ့ဝင်ခဲ့သည်။

သီရိလင်္ကာနိုင်ငံက နိုင်ငံစီးပွားရေးအဆင့်ကိုတစ်ဦးချင်းဝင်ငွေနိမ့် နိုင်ငံအဆင့်သို့ လျှော့ချမည့် အစီအစဉ်နှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်က တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။ KKO

## ယခုနှစ် ဗီယက်နမ်၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ရှစ်ရာခိုင်နှုန်းထိ မြင့်မားလာနိုင်ဟုဆို

**ဟနွိုင်း အောက်တိုဘာ ၁၁**

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ယခုနှစ်အတွင်း ရှစ်ရာခိုင်နှုန်းထိ မြင့်မားလာနိုင်ကြောင်း ဗီယက်နမ်အစိုးရ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ရှစ်ရာခိုင်နှုန်းထိ ရှိလာနိုင်သည်ဖြစ်ရာ တရားဝင်သတ်မှတ်ထားသည့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မျှော်မှန်းချက်ကိုပင် ကျော်လွန်သွားလိမ့်မည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရက သတင်းထုတ်ပြန်ထားသည်။

ထို့အတူ ဗီယက်နမ်၏ ယခုနှစ် ပို့ကုန်တန်ဖိုးသည် ၉ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာနိုင်ပြီး စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆၈ ဘီလီယံထိ ရှိလာနိုင်ကြောင်း ဗီယက်နမ်အစိုးရက ခန့်မှန်းထားသည်။

ထို့နည်းတူ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏမှာလည်း ၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၁၁ ဒသမ ၅ ရာခိုင်နှုန်းကြား မြင့်တက်လာနိုင်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံနှင့် ၂၂ ဘီလီယံကြား ရှိလာနိုင်ကြောင်း ဗီယက်နမ်အစိုးရက မျှော်မှန်းထားသည်။

အရှေ့တောင်အာရှ၏ ဒေသတွင်းကုန်ထုတ်လုပ်မှုဗဟိုချက်ဖြစ်သော ဗီယက်နမ်နိုင်ငံ၏ ယခုနှစ် စီးပွားရေးမှာ ပြန်လည်ဦးမော့လာကြောင်း သိရသည်။

ယခုနှစ် လက်ကျန်ကာလအတွင်း စီးပွားရေးတည်ငြိမ်မှုကို အာမခံချက် ပေးနိုင်ရေးအတွက် ပြောင်းလွယ်ပြင်လွယ်ရှိ၍ လက်တွေ့နှင့် ကိုက်ညီမည့် ငွေကြေးမူဝါဒများ ကျင့်သုံးမည်ဟု ဗီယက်နမ်အစိုးရက ပြောကြားထားကြောင်း သိရသည်။ KKO



## အောက်တိုဘာ ၁၀ ရက် လေကြောင်းထိုးစစ်အတွင်း သတ်မှတ်ပစ်မှတ်များကို ဒုံးကျည်နှင့်ပစ်ခတ်နိုင်ခဲ့ကြောင်း ရုရှားပြောကြား



**မော်စကို အောက်တိုဘာ ၁၁**

အောက်တိုဘာ ၁၀ ရက်တွင် ပြုလုပ်ခဲ့သည့် ဒုံးကျည်တိုက်ခိုက်မှုအတွက် ကြိုတင်သတ်မှတ်ထားသော ပစ်မှတ်အားလုံးကို ပစ်ခတ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကရိုင်းမီးယား ကျွန်းဆွယ်ဒေသ ခရိုင်မီးယားဆက်သွယ်ရေးတံတား ခဲ့ချိ... ခါ့ချ် ရေလက်ကြားဖြတ်တံတား ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နှစ်ရက်အကြာ အောက်တိုဘာ ၁၀ ရက်တွင် ရုရှားစစ်ဘက်သည် ယူကရိန်းနိုင်ငံတွင်းရှိ ပစ်မှတ်အများအပြားကို ခရုစ်ဒုံးကျည် ၇၅ စင်းပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းစစ်ပွဲစတင်ပြီး ရက်သတ္တပတ်များနောက်ပိုင်း အကြီးမားဆုံးထိုးစစ်ဖြစ်သည့် အောက်တိုဘာ ၁၀ ရက် လေကြောင်းထိုးစစ်အတွင်း ဒုံးကျည်များသည် ကြိုတင်သတ်မှတ်ထားပြီးဖြစ်သော ပစ်မှတ်အားလုံးကို ချေမှုန်းနိုင်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားတပ်များက တာဝေးပစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောပစ်မှတ်များထဲတွင် ယူကရိန်းစစ်ဘက်ပစ်မှတ်များဆက်သွယ်ရေးနှင့်စွမ်းအင်ကဏ္ဍပစ်မှတ်များပါဝင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

အောက်တိုဘာ ၁၀ ရက် လေကြောင်းထိုးစစ်ကို ခါ့ချ်ရေလက်ကြားဖြတ်တံတားပေါက်ကွဲမှုအတွက် လက်တုံ့ပြန်မှုအဖြစ် ရုရှားသမ္မတပူတင်က ပြောကြားထားကြောင်း သိရသည်။

အဆိုပါလေကြောင်းတိုက်ခိုက်မှုအတွက် ရုရှားပြည်တွင်းရှိ ယူကရိန်းတပ်ဖွဲ့ကို မလိုလားသူများ အားရကျေနပ်ခဲ့ကြကြောင်း သိရသည်။ KKO

## ကုလသမဂ္ဂအထွေထွေညီလာခံမဲခွဲပွဲ၌ မည်သို့မဲပေးမည်ကို ကြိုတင်ခန့်မှန်းရန်မဖြစ်နိုင်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ကင်ဘာရာ အောက်တိုဘာ ၁၁**

ရုရှားနိုင်ငံက ယူကရိန်းနယ်မြေလေးခုကို သိမ်းသွင်းခဲ့မှုနှင့်ပတ်သက်၍ ရှုတ်ချထားဖွယ်ရှိသော ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်မူကြမ်းမဲခွဲပွဲ၌ အိန္ဒိယနိုင်ငံအနေဖြင့် မည်သို့မဲထည့်မည်ကို ကြိုမပြောလိုကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပန်နီဝေါင်းနှင့် ပူးတွဲပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆုံးဖြတ်ချက် ချမှတ်မှုပုံစံနှင့် မူဝါဒရေးမှာ အကြောင်းအရင်းများကြောင့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ မည်သည့်မဲမျိုးပေးမည်ကို ကြိုတင်ခန့်မှန်းရန် မဖြစ်နိုင်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် ယူကရိန်းနယ်မြေများအား ရုရှားသိမ်းသွင်းမှုဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းမဲခွဲပွဲကို အောက်တိုဘာ ၁၂ ရက် သို့မဟုတ် ၁၃ ရက်တွင် ကျင်းပဖွယ်ရှိသည်။




ရုရှားနိုင်ငံသည် ယူကရိန်းနယ်မြေများ သိမ်းသွင်းမှုဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတစ်ခုကိုလည်း ပြီးခဲ့သည့်လကုန်ပိုင်းက ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

အဆိုပါလုံခြုံရေးကောင်စီမဲခွဲပွဲတွင် တရုတ်နိုင်ငံ၊ ဂါဘွန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ ပါဝင်မဲပေးခြင်း မရှိခဲ့ကြောင်း သိရသည်။ KKO

## ဟေတီဒုစရိုက်ဂိုဏ်းများကို ရင်ဆိုင်ရေးအတွက် အမေရိကန်နှင့် ကနေဒါတို့က ဦးဆောင်သင့်ကြောင်း ဟေတီသံအမတ်ကြီး ပြောကြား

**နယူးယောက် အောက်တိုဘာ ၁၁**

ဟေတီ ဒုစရိုက်ဂိုဏ်းများကို ရင်ဆိုင်ရေးအတွက် အထူးတပ်ဖွဲ့ဖွဲ့စည်းရာတွင် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့က ဦးဆောင်သင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာဟေတီသံအမတ်ကြီးက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားလိုက်သည်။

ဟေတီဒုစရိုက်ဂိုဏ်းများသည် အဓိက ရေနံဆိပ်ကမ်းတစ်ခုကို ထိန်းချုပ်ပိတ်ဆို့ထားရာ ဟေတီပြည်သူများမှာ လူမှုဒုက္ခအကျပ်အတည်းများနှင့် ရင်ဆိုင်နေရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သို့သော် အဆိုပါဒုစရိုက်ဂိုဏ်းများကိုရင်ဆိုင်ရေးအတွက်တပ်များ စေလွှတ်ပေးရန် နိုင်ငံတကာ မိတ်ဖက်နိုင်ငံများကို တောင်းဆိုမည်ဖြစ်ကြောင်း ဟေတီအစိုးရက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကြေညာထားသည်။


ဟေတီအစိုးရ၏အဆိုပါကြေညာချက် ပေါ်ထွက်လာခဲ့ပြီးနောက် ဒုစရိုက်ဂိုဏ်းများကို ရင်ဆိုင်ရာတွင် ဟေတီရဲတပ်ဖွဲ့ကို ကူညီရေးအတွက် လျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့ ဖွဲ့စည်းသင့်ကြောင်း ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်ကလည်း အဆိုပြုထားသည်။

ကုလသမဂ္ဂအကြီးအကဲ၏ အဆိုပြုချက်တွင် အဆိုပါလျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့ ဖွဲ့စည်းရာတွင် ကုလသမဂ္ဂကိုယ်တိုင် ဦးဆောင်ရန် ရှိ၊ မရှိ ထုတ်ပြောထားခြင်းမရှိကြောင်း သိရသည်။

သို့သော်လျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့ ဖွဲ့စည်းရာတွင် အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံကဲ့သို့ နိုင်ငံများက ဦးဆောင်သင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဟေတီသံအမတ်ကြီး ဘော့ချစ်အက်ဒ်မန့်က ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်သဲမုန်တိုင်းကြီးတစ်ခု၏အန္တရာယ်ဖြင့် Insight ဂြိုဟ်ဆင်းယာဉ်ရင်ဆိုင်နေရ



**ဝါရှင်တန် အောက်တိုဘာ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Insight ဂြိုဟ်ဆင်းယာဉ်သည် အင်္ဂါဂြိုဟ် သဲမုန်တိုင်းကြီးတစ်ခု အန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

ယခုနှစ် စက်တင်ဘာလကုန်ပိုင်းတွင် စတင်ပေါ်ထွက်လာသည့် တိုက်ကြီးတစ်ခုစာ အရွယ်အစားရှိသော အင်္ဂါဂြိုဟ်သဲမုန်တိုင်းကြောင့် Insight ဂြိုဟ်ဆင်းယာဉ်၏ စွမ်းအင်ဖြည့်ဆည်းမှုစနစ် ပို၍ ဒုက္ခရောက်သွားနိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

နေစွမ်းအင်သုံး အင်္ဂါဂြိုဟ်ဆင်းယာဉ်ဖြစ်သည့် Insight ဂြိုဟ်ဆင်းယာဉ်စွမ်းအင်ဖြည့်ဆည်းမှုစနစ်၏ စွမ်းအင်ဖြည့်ဆည်းနိုင်စွမ်းမှာ ယခုလအစောပိုင်းမှာပင် ကျဆင်းနေပြီဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃ ရက်တွင် အင်္ဂါဂြိုဟ်သဲမုန်တိုင်းအရွယ်အစားမှာ ပို၍ကြီးမားလာပြီး Insight ဂြိုဟ်ဆင်းယာဉ်ပတ်ဝန်းကျင် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း သဲမှုန်များစုစည်းမှုမှာ ၄၀ ရာခိုင်နှုန်းခန့် ပုံမှန်ထက်မြင့်မားလာကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

Insight ဂြိုဟ်ဆင်းယာဉ်ရင်ဆိုင်နေရသည့် အင်္ဂါဂြိုဟ်သဲမုန်တိုင်းမှာ အရွယ်အစားအားဖြင့် အချင်းကီလိုမီတာ ၃၅၀၀ ခန့်ရှိကြောင်း သိရသည်။

အင်္ဂါဂြိုဟ်သဲမုန်တိုင်းကြောင့် စွမ်းအင်ဖြည့်ဆည်းပေးနိုင်စွမ်း ကျဆင်းနေပြီဖြစ်သည့် Insight ဂြိုဟ်ဆင်းယာဉ်သည် ယခုနှစ် အောက်တိုဘာ လကုန်ပိုင်းနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလကြား တစ်ချိန်ချိန်တွင် သက်မဲ့အာကာသယာဉ် ဖြစ်သွားနိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံ၏ တတိယမြောက်အာကာသသုတေသနခန်းယာဉ်ဖြစ်သော မင်တီယန်အာကာသယာဉ်ကို လောင်စာဆီဖြည့်တင်း

**ပေကျင်း အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံ တည်ဆောက်ဆဲ အာကာသစခန်း၏ တတိယမြောက် အာကာသသုတေသနခန်းယာဉ်ဖြစ်သည့် မင်တီယန် အာကာသယာဉ်ကို လောင်စာဆီဖြည့်တင်းထားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက အောက်တိုဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏အဆိုအရ မင်တီယန် အာကာသသုတေသနခန်းလောင်စာဖြည့်တင်းမှုကို အောက်တိုဘာ ၉ ရက်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မင်တီယန် အာကာသသုတေသနခန်း အတွက် မလွှတ်တင်မီ အကြိုစမ်းသပ်မှုနှင့် တပ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီကြေညာချက်၌ ဖော်ပြထားသည်။



တရုတ်နိုင်ငံသည် မင်တီယန် အာကာသ သုတေသနခန်းကို လောင်းမက်ချ်-၅ ဝိုင် ၄ ဒုံးပျံဖြင့် ဟိုင်နန်ကျွန်း ဝန်ချန်အာကာသ စခန်းမှတစ်ဆင့် ယခုလကုန်ပိုင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

မင်တီယန် အာကာသသုတေသနခန်းသည် တရုတ်နိုင်ငံက တည်ဆောက်နေသည့် တီယန်ကောင်းအာကာသစခန်း၏ တတိယမြောက် နောက်ဆုံးပင်မကိုယ်ထည်ဖြစ်သည်။

လက်ရှိအချိန်တွင် တည်ဆောက်ဆဲ တီယန်ကောင်းအာကာသစခန်းကို တီယန်ဟီပင်မကိုယ်ထည်၊ ဝန်တီယန် အာကာသသုတေသနခန်းပင်မကိုယ်ထည်၊ တီယန်ကျိုး-၄ ကုန်တင်အာကာသယာဉ်၊ ရှန်ကျိုး- ၁၄ အာကာသလူသယ်ယာဉ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ KKO

## လွန်ခဲ့သောနှစ် ၆၆ သန်းက ကမ္ဘာပေါ်သို့ ကျရောက်ခဲ့သော ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ်ကြောင့် လနှင့်ချီ၍ မဟာလှိုင်းကြီးတစ်ခု လှုပ်ခတ်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၁**

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကမ္ဘာပေါ်သို့ ကျရောက်ခဲ့သည့် ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ်ကြောင့် ကမ္ဘာပေါ်၌ လနှင့်ချီ၍ မဟာလှိုင်းကြီးတစ်ခု လှုပ်ခတ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

အရွယ်အစားအားဖြင့် အချင်း ခြောက်မိုင်ထိရှိသော ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ် ကျရောက်မှုကြောင့် ဒိုင်နိုဆောများ အပါအဝင် ကမ္ဘာ့သက်ရှိမျိုးစိတ်နှင့် အပင်မျိုးစိတ် လေးပုံသုံးပုံမျိုးသုဉ်းပျောက်ကွယ်ခဲ့ရကြောင်း သိရသည်။

ထို့ပြင် အဆိုပါဂြိုဟ်သိမ်ကျရောက်မှုကြောင့် မဟာလှိုင်းကြီးတစ်ခုလည်း လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ မွန့်ကလဲယား တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ မဟာမြေငလျင်ကြီးသည် ၂၀၀၄ ခုနှစ်တွင် လှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၉ ဒသမ ၁ အဆင့်ရှိ စုမားတြားငလျင်ထက် အင်အားအဆပေါင်း ၅၀၀၀၀ ခန့်ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ်ကျရောက်မှုကြောင့် ပေါ်ထွက်လာခဲ့သည့် ချစ်ဆူးလက်ဘ်ဥက္ကာချိုင့်ဝှမ်းနယ်မြေ ကျောက်လွှာဖွဲ့စည်းပုံများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ်ကျရောက်ချိန်တွင် သမုဒ္ဒရာကြမ်းပြင်အောက် ၁၀ မီတာမှ ၁၅ မီတာအတွင်းရှိ ရွှံ့လွှာများနှင့် အနယ်ကျကျောက်လွှာများ မူလပုံစံပျက်ခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ KKO

# HEALTH

## ကိုယ်ဝန်ဆောင်စဉ် Acetaminophen သုံးစွဲမှုက ကလေးများအပြုအမူပိုင်းပြဿနာဖြစ်နိုင်

**နယူးယောက် အောက်တိုဘာ ၁၁**

Acetaminophen ခေါ် အကိုက်အခဲပျောက်ဆေးတစ်မျိုး ကိုယ်ဝန်ဆောင်ကာလ၌ သုံးစွဲရမှုသည် မွေးဖွားလာသည့်ကလေးများ၌ အပြုအမူပိုင်းဆိုင်ရာပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ UPI သတင်းဌာနက အောက်တိုဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဆေးကောလိပ်မှ သုတေသနပညာရှင်များ၏အဆိုအရ ကိုယ်ဝန်ဆောင်စဉ်အတွင်း Acetaminophen ဆေးသုံးစွဲခဲ့သူ မိခင်လောင်းများက မွေးဖွားလာသောကလေးများတွင် အပြုအမူအပေါ် ဦးနှောက်၏အကျိုးသက်ရောက်မှုဆိုင်ရာ ပြဿနာများ (Neurobehavioran) များ ပေါ်လာတတ်ကြောင်း သိရသည်။

အပြုအမူအပေါ် ဦးနှောက်၏ အကျိုးသက်ရောက်မှုဆိုင်ရာ ပြဿနာများကို အသက်သုံးနှစ်ရှိ ကလေးများမှာပင် စတင်တွေ့ရှိနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကလေးနှင့်မိခင်အတွဲပေါင်း ၂၄၂၃ တို့ကို လေ့လာစောင့်ကြည့်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

Acetaminophen ဆေးသုံးစွဲမှုကြောင့် စိတ်ခံစားမှုကိုပေးသော ဦးနှောက်အစိတ်အပိုင်းဖြစ်သည့် Anygdala အမည်ရှိ ဦးနှောက်နယ်မြေ၌ ထိခိုက်မှုများရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

Acetaminophen ဆေးကို ပါရာစီတမောလ်(Paracetamol) ဟူ၍လည်းကောင်း၊ တိုင်လီနော (Tylenol) အဖြစ်လည်းကောင်း သိထားကြပြီးဖြစ်သည်။

KKO

## ကိုယ်ဝန်ဆောင်စဉ် အလွန်အကျွံပြုပြင်ထားသော အစားအစာစားသုံးပါက ကလေးများအဝလွန်နိုင်

**နယူးယောက် အောက်တိုဘာ ၁၁**

ကိုယ်ဝန်ဆောင်ကာလအတွင်း အလွန်အကျွံ ပြုပြင်ထားသော အစားအစာစားသုံးပါက မွေးဖွားလာသည့်ကလေးများတွင် အဝလွန်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁၀ ရက်က ရေးသားတင်ပြထားသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို အလွန်အကျွံ စားသုံးခဲ့သော မိခင်လောင်းများက မွေးဖွားလာသောကလေးများတွင် ကိုယ်အလေးချိန်လွန်ကဲနိုင်ခြေမှာ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းကျော် မြင့်မားကြောင်း အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် အထွေထွေဆေးရုံကြီးမှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် မိခင် ၁၄၅၀၀ တို့မှ မွေးဖွားခဲ့သည့် ကလေး ၂၀၀၀၀ ခန့်ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ အလွန်အကျွံပြုပြင်ထားသည့် အစားအစာများကို အများဆုံးစားသုံးခဲ့သူ မိခင်လောင်းများမှ မွေးဖွားလာသော ကလေးများသည် အဝလွန်နိုင်ခြေ ၂၆ ရာခိုင်နှုန်း ပုံမှန်ထက်မြင့်မားကြောင်း သိရသည်။

သို့ဖြစ်ရာ ကိုယ်ဝန်လွယ်ထားရသည့် အမျိုးသမီးများအနေဖြင့် အလွန်အကျွံပြုပြင်စီရင်ထားသည့် အသင့်စား စားသောက်ဖွယ်များကို စားသုံးမှုလျှော့ချသင့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# လက်စတာအသင်းက မန်ယူကစားသမား ဘန်ဒီဘိခ်ကို ယူရို ၁၅ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်း

**လန်ဒန် အောက်တိုဘာ ၁၁**

လက်စတာအသင်းက မန်ယူအသင်းတွင် ကာလရှည်ပွဲကစားခွင့် ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ဘန်ဒီဘိခ်ကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘန်ဒီဘိခ်သည် ၂၀၂၀ ပြည့်နှစ်က အေဂျက်အသင်းမှမန်ယူအသင်းသို့ရောက်ရှိခဲ့ပြီးနောက် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်ခဲ့ရပြီး နည်းပြဆိုးလ်ရှား လက်ထက်တွင်လည်း ခြေစွမ်းမပြသနိုင်ခဲ့သဖြင့် ပွဲကစားခွင့်မရရှိခဲ့သည့်အပြင် ယခုနှစ် ဘောလုံးရာသီ နည်းပြတန်ဟတ် လက်ထက်တွင်လည်း ပွဲကစားခွင့် ထပ်မံ ပျောက်ဆုံးခဲ့သောကြောင့် လက်စတာအသင်းက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့တွင် အရခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

လက်စတာအသင်း ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် မက်ဒီဆင်ကို ပရီးမီးယားလိဂ်ထိပ်သီးကလပ်များနှင့် ဥရောပကလပ်အသင်းများက အပြိုင်ကမ်းလှမ်းခဲ့သဖြင့် အသင်းတာဝန်ရှိသူများက လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ၎င်းထွက်ခွာသွားပါက မန်ယူအသင်းကစားသမား ဘန်ဒီဘိခ်နှင့် အစားထိုးနိုင်ရန် ယူရို ၁၅ သန်းဖြင့် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ML



# ယူရိုပါလိဂ်အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက် M L

**ဘက်တစ် Vs ရိုးမား**

**ကစားမည့်ရက်/အချိန် ၁၃-၁၀-၂၀၂၂ (ည ၁၁:၁၅နာရီ)**

**ပထမအကျော့ရလဒ်**

**ရိုးမား ၁ - ၂ ဘက်တစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘက်တစ်** | - | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **ဝေး(သရေ)** |
| **ရိုးမား** | - | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

ဘက်တစ်အသင်းဟာ ပထမအကျော့မှာ ရိုးမားကိုအနိုင်ရခဲ့ပြီး အခုပွဲစဉ်မှာလဲ သရေတစ်မှတ်ရရုံနဲ့ အုပ်စုအဆင့်ကကျော်ဖြတ်နိုင်ဖို့သေချာနေပါတယ်။ ရိုးမားကတော့ ရမှတ်လိုအပ်နေပေမဲ့ ဇန်နီအိုလိုနဲ့ဒိုင်ဘာလာတို့ ပါဝင်နိုင်မှာမဟုတ်လို့ ရုန်းကန်ရမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ခြေစွမ်းပိုင်းတည်ငြိမ်တဲ့ ဘက်တစ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘက်တစ် ၁ - ၀ ရိုးမား**

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းက အေစီမီလန်အသင်း ကွင်းလယ်ကစားသမား လီအိုခေါ်ယူရန် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၅၀ ဖြင့် ကမ်းလှမ်းမှု စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ပိုင်းအတွက် ဘာစီလိုနာအသင်းမှ ဖရန်ကီဒီဂျောင်းနှင့် ဒေါ့မွန်အသင်းမှ ဘယ်လင်ဟမ်တို့ နှစ်ဦးထဲမှ တစ်ဦးကို ငွေကြေးသုံးစွဲ၍ ခေါ်ယူမည်ဖြစ်ကြောင်း မန်ယူအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- အင်္ဂလန်အမျိုးသမီးအသင်းကို ယူရို ၂၀၂၂ ချန်ပီယံဆုဖလားရယူပေးခဲ့သည့် နည်းပြဝိုင်ဂ်မန်းက စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကြောင်း သိရသည်။ ML

# ကမ္ဘာ့ဖလားကြည့်ရှုမည့် အင်္ဂလန်နှင့် ဝေးလ်နိုင်ငံတို့မှ ပရိသတ်ဦးရေ ၁၃၀၀ ခန့်ကို ခရီးသွားခွင့်ပိတ်ပင်

**လန်ဒန် အောက်တိုဘာ ၁၁**



ယူနိုက်တက်ကင်းဒန်း ပြည်ထဲရေးရုံးက ကာတာနိုင်ငံသို့ သွားရောက်၍ ကမ္ဘာ့ဖလားပြိုင်ပွဲကြည့်ရှုမည့် အင်္ဂလန်နိုင်ငံနှင့် ဝေးလ်နိုင်ငံတို့မှ ပရိသတ်ဦးရေ ၁၃၀၀ ခန့်ကို ခရီးသွားခွင့် ပိတ်ပင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ အင်္ဂလန်နိုင်ငံတွင် ဝေးလ်နိုင်ငံမှ ပရိသတ်များသည် ပြိုင်ဆိုင်မှုပြင်းထန်သည့် ဘောလုံးပွဲစဉ်များတွင် အကြမ်းဖက်မှုများနှင့်ဆက်စပ်၍ နိုင်ငံဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုမူလုပ်ဆောင်ခဲ့သူများဖြစ်သဖြင့် ကာတာနိုင်ငံသို့ ကမ္ဘာ့ဖလားသွားရောက်ကြည့်ရှုခွင့် မပြုခဲ့ဘဲ ခရီးသွားခွင့် ပိတ်ပင်ခဲ့ကြောင်း ယူနိုက်တက်ကင်းဒန်း ပြည်ထဲရေးဌာနက ထုတ်ပြန်ခဲ့သည်။

ပြည်ထဲရေးရုံးမှ အရာရှိဆူလာဘရာဗန်မန်းက "ကျွန်မတို့အနေနဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ဘောလုံးပြိုင်ပွဲတွေမှာ အဓိကမဟုတ်တဲ့ ပြစ်ချက်တစ်ခုခုကို ချိုးဖောက်ထားတဲ့သူကိုတောင် ခရီးသွားခွင့်ပေးမှာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့နှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲမှာဆိုရင် ပရိသတ်တွေကွင်းအတွင်း ဝင်ရောက်တာတွေရှိခဲ့လို့ ဒီနှစ်မှာ ပြိုင်ပွဲတိုင်းကို လုံခြုံရေးအင်အားတွေ တိုးမြှင့်ခဲ့ရတာရှိပါတယ်။ ဒါ့ပြင် ပြီးခဲ့တဲ့နှစ်က ပြဿနာတွေဖြစ်ခဲ့တဲ့သူတွေကိုလဲ ထွက်ခွာခွင့်ပြုမှာ မဟုတ်ပါဘူး။ ချမှတ်ထားတဲ့ စည်းကမ်းတွေကို ဖောက်ဖျက်မယ်ဆိုရင်တော့ အနည်းဆုံးထောင်ဒဏ် ခြောက်လကျခံရမှာဖြစ်ပြီး ငွေဒဏ်အမြောက်အမြားလဲ ပေးဆောင်ရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# အင်ဒိုနီးရှား၌ကျင်းပမည့် အင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲနှင့် မာစတာကြက်တောင်ပြိုင်ပွဲတို့ကို သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံတကာ ကြက်တောင်ပြိုင်ပွဲနှင့် အင်ဒိုနီးရှားမာစတာကြက်တောင်ပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ကြက်တောင်မယ် သက်ထားသူဇာသည် ယခုနှစ်အတွင်း ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာ ကြက်တောင်ပြိုင်ပွဲများကို ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိနေပြီး ယခုလအတွင်းတွင်လည်း နိုင်ငံတကာပြိုင်ပွဲနှစ်ခုကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သက်ထားသူဇာသည် အောက်တိုဘာ ၁၁ ရက်မှ ၁၆ ရက်ထိ ကျင်းပမည့် အင်ဒိုနီးရှား အင်တာနေရှင်နယ် ကြက်တောင်ပြိုင်ပွဲကို ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်ကာ ဒုတိယအဆင့်တွင် ပထမအဆင့်မှ ကစားရမည့် မလေးရှားကြက်တောင်မယ် မီးရှားနှင့် အင်ဒိုနီးရှား ကြက်တောင်မယ် မိုနင်ကာတို့မှ အနိုင်ရရှိမည့်သူနှင့်အောက်တိုဘာ ၁၂ ရက်တွင် ကစားသွားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် သက်ထားသူဇာသည် ဒုတိယအဆင့်တွင်အနိုင်ရရှိခဲ့မည်ဆိုပါက တတိယအဆင့်တွင် ဒုတိယအဆင့်မှတက်ရောက်လာမည့် ကနေဒါကြက်တောင်မယ် ရစ်ချယ်ချန်းနှင့် အင်ဒိုနီးရှား ကြက်တောင်မယ် တာဝမ်တို့မှ အနိုင်ရရှိမည့်သူနှင့် ဆက်လက်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှား အင်တာနေရှင်နယ် ကြက်တောင်ပြိုင်ပွဲကို နိုင်ငံတကာမှ ကြက်တောင်မယ် ဦးရေ ၄၀ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် ဆုကြေးငွေကို အမေရိကန်ဒေါ်လာ ၁၅၀၀၀ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

သက်ထားသူဇာသည် အင်ဒိုနီးရှား နိုင်ငံတကာကြက်တောင်ပြိုင်ပွဲပြီးလျှင် အောက်တိုဘာ ၁၈ ရက်မှ ၂၃ ရက်ထိ ကျင်းပမည့် အင်ဒိုမာစတာ ကြက်တောင်ပြိုင်ပွဲကိုလည်း ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှား မာစတာကြက်တောင်ပြိုင်ပွဲ ပွဲစဉ်ဇယားရေးဆွဲမှုအရ သက်ထားသူဇာသည် ပထမမှ တက်ရောက်ခဲ့ပါက ဒုတိယအဆင့်တွင် အိန္ဒိယကြက်တောင်မယ် ကူဒရာဝယ်လီနှင့် အင်ဒိုနီးရှား ကြက်တောင်မယ် ဝါဒါနီတို့ပွဲစဉ်မှ အနိုင်ရရှိမည့်သူနှင့် ကစားသွားရမည်ဖြစ်ကာ အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၈၁၀၀၀ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ STA

# Mediheal Championship ချန်ပီယံဆုကို ဂျော်ဒီအက်ဒ်ဝပ် ဆွတ်ခူး

**ဝါရှင်တန် အောက်တိုဘာ ၁၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် အောက်တိုဘာ ၇ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိကျင်းပခဲ့သော Mediheal Championship အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက်မယ် ဂျော်ဒီအက်ဒ်ဝပ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Kyodo News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖိလစ်ပိုင် ဂေါက်သီးရိုက်မယ် ယူကာဆာဆိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်မယ် ဒန်နီလီ၊ အင်္ဂလန်ဂေါက်သီးရိုက်မယ် ဂျော်ဂျီယာဟောလ်နှင့် တောင်အာဖရိက ဂေါက်သီးရိုက်မယ် ပေါလာရီတို တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

ဖိလစ်ပိုင် ဂေါက်သီးရိုက်မယ် ယူကာဆာဆိုက"ပြိုင်ပွဲတစ်လျှောက် လေငြိမ်နေတဲ့အတွက် ကစားရတာ အရမ်းအဆင်ပြေတယ်။ အရမ်းကြီး မခက်ခဲခဲ့ဘူး။ နောက်ဆုံးနေ့ထိ ရိုက်ချက်တွေကို အားရကျေနပ်မှုရှိပါတယ်။ ချန်ပီယံဖြစ်ဖို့တောင် နီးစပ်ခဲ့တယ်။ ပရော်ဖက်ရှင်နယ်လောကထဲ ဝင်ရောက်လာတာ မကြာသေးပေမဲ့ တကယ့်ဝါရင့်ကစားသမားတွေနဲ့ အကြိတ်အနယ်ယှဉ်ပြိုင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မအနေနဲ့ ပြိုင်ပွဲအပေါ်မှာပဲ အာရုံစိုက်ခဲ့တဲ့အတွက် နောက်ဆုံးနေ့ရဲ့နောက်ဆုံးကျင်းရောက်တဲ့ထိတောင် အမှတ်ပေးဇယားရဲ့ ဘယ်နေရာမှာရပ်တည်နေသလဲဆိုတာမသိခဲ့ဘူး။ အားလုံးပြီးသွားမှ ဒုတိယနေရာမှာရပ်တည်နိုင်ခဲ့တယ်ဆိုတာသိရတယ်။ နောက်ထပ်လာမဲ့ပြိုင်ပွဲတွေမှာ ဒီထက်ပိုကောင်းအောင် ဘယ်လိုကစားသွားရမလဲ၊ ဘယ်လိုကြိုးစားသွားရမလဲဆိုတာကိုပဲ အာရုံစိုက်ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# သတိထားရမည့် အရိုး၊ အကြော၊ အဆစ်အမျက်ရောင်ရောဂါ

ပေါက်ပေါက်



အရိုး၊ အကြော၊ အဆစ်ရောဂါ (Osteoarthritis) သည် အဖြစ်အများဆုံးအဆစ်ရောင်ရောဂါ (Arthritis) အမျိုးအစားတစ်ခုဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး အသက်အရွယ်ပိုင်းခြားမရွေးဖြစ်တတ်သည်။ မိသားစုဝင် (ညီအစ်ကိုမောင်နှမ)များ ဖြစ်လေ့ရှိသူများ၊ ဆေးလိပ်သောက်သူများ၊ ကလေးမီးဖွားပြီးစနှင့် နို့တိုက်မိခင်များနှင့် အသက် ၄၀ ကျော် အမျိုးသမီးများတွင် ၎င်းရောဂါဖြစ်နိုင်ခြေပိုများသည်။

အရိုး၊ အကြော၊ အဆစ်ရောဂါတွင် သွေးလေးဖက်နာ၊ အရေပြားလေးဖက်နာ၊ အရေပြားထုလေးဖက်နာစသည်ဖြင့် အမျိုးအစားပေါင်း ၂၀၀ ရှိသည်။ လေးဖက်နာရောဂါတွင် အဆစ်နာ၊ အဆစ်ရောင်ရောဂါအမျိုးမျိုးရှိပြီး ၎င်းရောဂါများအနက် အများဆုံးတွေ့ရှိရသည်မှာ ဂေါက်(Gout) ရောဂါ၊ ဒူးကျီးပေါင်းရောဂါခေါ် ဇရာနှင့်ဒဏ်ကြောင့်ဖြစ်သော ဒူးနာရောဂါ (OA, Asteoarthritis)၊ လည်ပင်းရောင်စေသော ဗက်တီးရီးယားပိုး Streptococcus ကြောင့်ဖြစ်သော ပိုးလေးဖက်နာ ခေါ် Rheumatic Fever၊ အဆစ်ငယ်များနာတာရှည်ရောင်ရမ်းသည့် သွေးလေးဖက်နာ ခေါ် RA, Rheumatiod Arthritis နှင့် အရေပြားလေးဖက်နာ ခေါ် SLE ရောဂါတို့ဖြစ်ကြသည်။

အသက်ကြီးလာခြင်း၊ အဝလွန်ခြင်း၊ အဆစ်ထိခိုက်ဒဏ်ရာရဖူးခဲ့ခြင်း စသည်တို့ကြောင့် အရိုးအဆစ်များရှိ အရိုးနုများ တဖြည်းဖြည်း ပွန်းတိုက်ပျက်စီးလာပြီး အဆစ်များရောင်၍ နာလာခြင်းဖြစ်သည်။ အဖြစ်အများဆုံးနေရာများမှာ ဒူးဆစ်၊ တင်ပါးဆုံရိုး၊ ကျောရိုးနှင့် လက်ဆစ်တို့ဖြစ်သည်။ အရိုးအဆစ်ရောင်ခြင်း (အထူးသဖြင့် ဒူးဆစ်နာခြင်း) ကြောင့် လှုပ်ရှားသွားလာတိုင်းနာခြင်း၊ ကျပ်ခဲနေခြင်းတို့ခံစားရပြီး ပုံမှန်လှုပ်ရှားမှုမျိုးမပြုလုပ်နိုင်တော့ဘဲ နေးကွေးလာကာ သွေးတိုး၊ နှလုံး၊ ဆီးချိုတို့ကိုပါ ပိုမိုဖြစ်ပေါ်စေနိုင်သည်။ အချိန်ကြာလာသည်နှင့်အမျှ အရိုး၊ အဆစ်အမျက်ပျက်စီးမှု ဆိုးရွားသွားကာ ခွဲစိတ်ကုသမှုခံယူရနိုင်သည်။

**အဆစ်ရောင်ရောဂါနှင့်ကမ္ဘာ**

ကမ္ဘာတစ်ဝန်း၌ အဆစ်ရောင်ရောဂါဖြစ်ပွားသူ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာပြီး ကမ္ဘာ့လူဦးရေ သန်း ၃၅၀ ခန့်သည် အဆစ်ရောင်ရောဂါခံစားနေရသည်။ လူကြီးများတွင်သာမက ကလေးသူငယ်များလည်း ခံစားရတတ်သည်။ ထိထိရောက်ရောက်ကုသခံယူမှုမရှိပါက အချိန်ကြာလာသည်နှင့်အမျှ တစ်စတစ်စနှင့် မူလသဘာဝအတိုင်း လှုပ်ရှားသွားလာနိုင်မှု မပြုနိုင်တော့ပေ။ နာကျင်ခြင်းဝေဒနာကိုခံစားရရုံမက နှလုံး၊ ဆီးချို စသည့်အခြားနောက်ဆက်တွဲရောဂါများပါ ခံစားလာရနိုင်သည်။ ထို့ကြောင့် အဆစ်ရောင်ခြင်းကို အချိန်မီကုသရန်အရေးကြီးသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ် အောက်တိုဘာ ၁၂ ရက်ကို ကမ္ဘာ့အဆစ်ရောင်ရောဂါနေ့ (World Arthritis Day-WAD) အဖြစ် သတ်မှတ်ပြီး ထိုနေ့သို့ရောက်တိုင်း ပြည်သူလူထုကို အဆစ်အမျက်ရောင်ဝေဒနာနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးနှိုးဆော်လှုပ်ရှားများ ပြုလုပ်လေ့ရှိသည်။ ၂၀၂၂ ခုနှစ်အတွက် WAD ဆောင်ပုဒ်မှာ "Let's Get Physical! - ကိုယ်လက်လှုပ်ရှားမှုပြုလုပ်စို့" ဖြစ်သည်။ Arthritis ရောဂါ၏သဘောသဘာဝသည် နေ့စဉ်ဘဝတွင် လှုပ်လှုပ်ရှားရှားပြုမူနေထိုင်ခြင်းဖြင့် အရိုး၊ အကြော၊ အဆစ်အမျက်များကို ကျန်းမာကြံ့ခိုင်စေမည်ဖြစ်၍ ဤဆောင်ပုဒ်ဖြင့် ကျန်းမာရေးအသိပညာပေးထားရခြင်းဖြစ်သည်။

**အဆစ်ရောင်ရောဂါနှင့်မြန်မာနိုင်ငံ**

မြန်မာနိုင်ငံ၌ ခုတင် ၅၀၀ ရန်ကုန်အထူးကုဆေးရုံကြီးအရိုး၊ အကြော၊ အဆစ်ဆေးပညာဌာန မှတ်တမ်းများအရ အတွင်းလူနာအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၃၀၀၄ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၃၀၀၈ ဦး တက်ရောက်ကုသခဲ့ပြီး ပြင်ပလူနာအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ၈၃၆၃ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၉၁၁၉ ဦး ထိရှိကာ တစ်နှစ်ထက်တစ်နှစ် လူနာအရေအတွက်များပြားလာပြီး လက်ရှိ ၂၀၂၂ ခုနှစ်တွင် ရှိရင်းစွဲပမာဏထက် လူနာဦးရေ ထက်ဝက်နီးပါးတိုးလာကြောင်း သိရသည်။ အရိုး၊ အကြော၊ အဆစ်ရောဂါဖြစ်ပွားသူများအနေဖြင့် အဆစ်ရောင်ကိုက်ခဲသည့်ရောဂါဖြစ်ပွားပါက နီးစပ်ရာဆရာဝန်ထံပြသပြီး ဆရာဝန်၏ဆေးညွှန်းစာဖြင့် ရန်ကုန်အထူးကုဆေးရုံကြီး ခုတင် ၅၀၀ အရိုး၊ အကြော၊ အဆစ်ဆေးပညာဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး အရိုး၊ အကြော၊ အဆစ်ဆေးပညာဌာနနှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရိုး၊ အကြော၊ အဆစ်ဆေးပညာဌာနတို့၌ ကုသမှုခံယူနိုင်သည်။

**အရိုး၊ အဆစ်အမျက်ရောင်ခြင်းရောဂါ အဆင့်ဆင့်**

- (အဆင့် - ၁ လက္ခဏာစတင်သောအဆင့်) အဆစ်များ အနည်းငယ် စတင်ပျက်စီးလာပြီး အရိုးနုပျက်စီးမှု ၁၀ ရာခိုင်နှုန်းခန့်ဖြစ်ပေါ်လာသည်။
- (အဆင့် - ၂ အနည်းငယ်နာကျင်မှုအဆင့်) အဆစ်နှစ်ခုကြားနေရာ ကျဉ်းလာပြီး အရိုးနုများစတင်ပျက်စီးလာကာ အရိုးအတက်များဖြစ်ပေါ်လာသည်။
- (အဆင့် - ၃ အလယ်အလတ်အဆင့်) အဆစ်နှစ်ခုကြားနေရာ ပိုမိုလျော့နည်းလာပြီး အရိုးနှစ်ခု စတင်ထိတွေ့လာသည်။
- (အဆင့် - ၄ ပြင်းထန်သောအဆင့်) အဆစ်နှစ်ခုကြား နေရာမရှိသလောက်နည်းသွားပြီး အရိုးနု ၆၀ ရာခိုင်နှုန်းပျက်စီးသွား၍ အရိုးအတက်ကြီးများ ဖြစ်လာသည်။

**အဆစ်အမျက်ရောင်နာအတွက် အကောင်းဆုံးအစားအစာများ**

အောက်ဖော်ပြပါ အစားအစာများက Arthritis ရောဂါလူနာများအတွက် ကောင်းကျိုးပြုပေးနိုင်သည်။

- အမျှင်ဓာတ်နှင့် ပရိုတင်းပြည့်ဝသော အစိမ်းရောင်ပဲသီးအမျိုးမျိုးတို့က အရိုးများအတွက်သာမက အရိုးနှင့်တွဲကပ်နေသော ကြွက်သားများ ကျန်းမာရေးအတွက် ဆေးဖြစ်စေသည်။
- ကယ်လ်စီယမ်ဓာတ်ကြွယ်ဝသော နွားနို့က အရိုး၊ အကြော၊ အဆစ်အမျက်ရောင်နာအားလုံးအတွက် ကောင်းကျိုးပြုသည်။
- ပရိုဘိုင်အိုတစ်ဓာတ်ကြွယ်ဝသော ဒိန်ချဉ်ကို နေ့စဉ်စားပေးသင့်သည်။
- ပဲပုပ်ကလည်း ဆေးဖြစ်စေသည်။
- ဂေါ်ရခါးသီး မကြာမကြာ စားပေးပါ။
- ဆင်တုံးမနွယ်ပင်က ရောင်ရမ်းကိုက်ခဲခြင်းဝေဒနာများကို သက်သာပြေလျော့စေသည်။
- သစ်ကြားသီး၊ ဗာဒံစေ့ကဲ့သို့ အခွံမာသီး အစေ့အဆန်များတွင် ပရိုတင်း၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ သွပ်၊ ဗီတာမင်အီး စသောပရိုတင်းဓာတ်များနှင့် အမျှင်ဓာတ်တို့ ပြည့်စုံလုံလောက်စွာပါရှိနေကြပြီး ၎င်းဓာတ်ပေါင်းစုများက အရိုး၊ အကြော၊ အဆစ်အမျက်ရောင်ရောဂါအပြင် သွေးလေးဖက်နာအတွက်သာမက အရိုးပျော့၊ အရိုးပွများအတွက်တို့ကိုလည်း ကောင်းကျိုးပြုပေးနိုင်သည်။
- လက်ဖက်စိမ်းထဲတွင်ပါရှိသော ဖလေဗိုနွိုက် EGCG ဓာတ်တစ်မျိုးက ကိုယ်တွင်းကိုယ်ပရောင်ရမ်းနာများကို သက်သာစေသည့်အပြင် အရိုးနုများ ပျက်စီးယိုယွင်းခြင်းဖြစ်စဉ်ကိုလည်း နှေးကွေးစေသည်။
- ကွေကာအုတ်၊ ဆန်လုံးညိုနှင့် ကောက်နှံများကလည်း သွေးလေးဖက်နာရောဂါကို လွန်စွာကောင်းကျိုးပြုပေးနိုင်သည်။
- နနွင်းမှုန့်ထဲတွင် Curcumin ဓာတုပစ္စည်းတစ်မျိုးပါရှိနေပြီး ၎င်းက ခန္ဓာကိုယ်၏ဆဲလ်များ ရောင်ရမ်းခြင်းမှ လျှော့ချပေးနိုင်သည်။
- သံလွင်ဆီနှင့် ထောပတ်သီးအဆီတို့က ကိုယ်တွင်းကိုယ်ပ ရောင်ရမ်းနာများအတွက် အထူးသင့်တော်သည်။
- ဗီတာမင်စီကြွယ်ဝသော လိမ္မော်၊ ဂရိတ်ဖရုနှင့် သံပရာသီးတို့က အဆစ်အမျက်များကို ကျန်းမာကြံ့ခိုင်စေပြီး သွေးလေးဖက်နာရောဂါနှင့် အရိုးပွရောဂါတို့အတွက် ဆေးဖြစ်စေသည်။
- ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သော ချင်းတက်ထဲတွင် Gingerols နှင့် အဆီတစ်မျိုးပါရှိနေကြပြီး ၎င်းဓာတုပစ္စည်းများက အရိုး၊ အကြော၊ အဆစ်အမျက်အတွက် ဆေးစွမ်းထက်မြက်လှသည်။
- တရုတ်နံနံပင်တွင်ရှိသော Luteolin ခေါ် ဖလေဗိုနွိုက်ဓာတ်များက ကိုယ်တွင်းကိုယ်ပ ရောင်ရမ်းခြင်းဖြစ်စဉ်ကို လျှော့ချပေးနိုင်သည်။
- ပင်လယ်စာများဖြစ်ကြသော ငါးသေတ္တာငါး၊ ပင်လယ်ငါးသလောက်နှင့် ဆယ်လ်မွန်ငါးတို့က သွေးလေးဖက်နာကြောင့်ဖြစ်သော အဆစ်အမျက်များ ရောင်ရမ်းမှုဝေဒနာများကိုသက်သာစေသည့်အပြင် အရိုးနှင့်တွဲဆက်လျက်ရှိသော အသားများ တောင့်တင်းနာကျင်ခြင်းကိုပါ ပြေလျော့ပေးနိုင်သည်။ ထို့ကြောင့် ပင်လယ်ငါးများစား၍ လိုအပ်ပါက ဖြည့်စွက်စာအဖြစ် ငါးကြီးဆီကို မှီဝဲသောက်သုံးပေးသင့်သည်။
- အရသာချဉ်သောချယ်ရီသီးများတွင် ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါရှိ၍ လေးဖက်နာရောဂါအမျိုးမျိုးတို့အတွက် လွန်စွာကောင်းကျိုးပြုပေးနိုင်သည်။
- တလည်းသီးထဲတွင်ပါရှိနေသော ဖလေဗိုနွိုက် Anthocyanin ဓာတ်တစ်မျိုးကလည်း ချယ်ရီသီးများကဲ့သို့ပင် ဆေးဝါးဖြစ်စေသည်။
- နာနတ်သီး၏ အလည်အူတိုင်တွင် အရည်အသွေးမြင့် Bromelain အင်ဇိုင်းဓာတ်ပါရှိနေပြီး ၎င်းဓာတ်က နာတာရှည်ရောင်ရမ်းနာများကို လွန်စွာကောင်းကျိုးပြုသည်။ ထို့ပြင် နာနတ်သီးက အရိုးပွ၊ အရိုးပျော့ရောဂါအတွက်ကိုလည်း ကောင်းကျိုးပြုပေးနိုင်သည်။
- ဗီတာမင်ဒီဓာတ် အပြည့်အဝရရှိစေရန် နံနက်စောစော နေပူစာလှုံပေးပါ။

**အဆစ်အမျက်ရောင်နာအတွက် ရှောင်ရှားသင့်သည်များ**

Arthritis ရောဂါသည်များအနေဖြင့် အောက်ဖော်ပြပါအချက်နှစ်ချက်ကို နေ့စဉ်ဘဝတွင် အထူးရှောင်ရှားသင့်သည်။

- ဆေးလိပ်သောက်ခြင်းက အရိုး၊ အကြော၊ အဆစ်အမျက်ရောင်နာ ဖြစ်ပွားခြင်းနှင့် ဆက်နွယ်နေသည်။ ထို့ကြောင့် ဆေးလိပ်သောက်ခြင်းကို ဆင်ခြင်ပါ။ တစ်ဆင့်ခံ ဆေးလိပ်မီးခိုးနဲ့ မရှူရှိုက်မိအောင်လည်း ရှောင်ရှားပါ။
- သိကြော်မုန့်များ၊ ဓာတုပစ္စည်းများသုံးထားသော အစားအစာများ၊ တာရှည်ခံအောင် ပြုပြင်ထားသော အသင့်စားအစားအသောက်များနှင့် အချိုမှုန့်စားသုံးခြင်းမှ ရှောင်ရှားသင့်သည်။

အချုပ်အားဖြင့်ဆိုသော် အဆစ်အမျက်များရောင်ခြင်းကြောင့် နံနက်အိပ်ရာထတင်းမာနေပြီး လှုပ်ရှားရန်ခက်ခဲပြီး လုပ်ငန်းခွင်တွင်အလုပ်လုပ်နိုင်ရန်ခက်ခဲခြင်းကိုလည်း ကြုံတွေ့ရနိုင်သည်။ အဆစ်အမျက်ရောင်ခြင်း၏အစိကလက္ခဏာများဖြစ်ကြသည့် အဆစ်နာကျင်ခြင်း၊ အဆစ်များကျပ်ခဲနေခြင်း၊ ပင်ပန်းနွမ်းလျခြင်းတို့ကိုခံစားရပါက ဆေးမြီးတိုဖြင့်ကု၍ အချိန်ဆွဲမနေဘဲ ဆရာဝန်နှင့်ချက်ချင်းဆွေးနွေးတိုင်ပင်ကာ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

❖ အသက်ကြီးလာခြင်း၊ အဝလွန်ခြင်း၊ အဆစ်ထိခိုက်ဒဏ်ရာရဖူးခဲ့ခြင်း စသည်တို့ကြောင့် အရိုးအဆစ်များရှိ အရိုးနုများ တဖြည်းဖြည်း ပွန်းတိုက်ပျက်စီးလာပြီး အဆစ်များရောင်၍ နာလာခြင်းဖြစ်သည်။ အဖြစ်အများဆုံးနေရာများမှာ ဒူးဆစ်၊ တင်ပါးဆုံရိုး၊ ကျောရိုးနှင့် လက်ဆစ်တို့ဖြစ်သည်။ အရိုးအဆစ်ရောင်ခြင်း (အထူးသဖြင့် ဒူးဆစ်နာခြင်း) ကြောင့် လှုပ်ရှားသွားလာတိုင်းနာခြင်း၊ ကျပ်ခဲနေခြင်းတို့ခံစားရပြီး ပုံမှန်လှုပ်ရှားမှုမျိုးမပြုလုပ်နိုင်တော့ဘဲ နှေးကွေးလာကာ သွေးတိုး၊ နှလုံး၊ ဆီးချိုတို့ကိုပါ ပိုမိုဖြစ်ပေါ်စေနိုင်သည်။အချိန်ကြာလာသည်နှင့်အမျှ အရိုး၊ အဆစ်အမျက်ပျက်စီးမှုဆိုးရွားသွားကာ ခွဲစိတ်ကုသမှုခံယူရနိုင်သည်။ ❖

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှား၏တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၁၀ ဦးကျော်သေဆုံးခဲ့ပြီး ဦးရေ ၆၀ ခန့် ဒဏ်ရာရခဲ့ကြောင်း ယူကရိန်းထုတ်ပြန်



ရုရှားစစ်ဘက်သည် နိုင်ငံ၏အခြေခံ အဆောက်အအုံများကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက တိုက်ခိုက်ခဲ့ပြီးနောက် အနည်းဆုံး လူ ၁၀ ဦးကျော် သေဆုံးခဲ့ပြီး ဦးရေ ၆၀ ခန့် ဒဏ်ရာရခဲ့ကြောင်း ယူကရိန်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

"လေကြောင်းတိုက်ခိုက်မှု သတိပေးချက်တွေကို လျစ်လျူမရှုဖို့ နိုင်ငံသားတိုင်းကို ကျွန်တော်တို့တောင်းဆိုထားပါတယ်။ စည်းကမ်းရှိဖို့နဲ့ အာဏာပိုင်တွေရဲ့ညွှန်ကြားချက်အားလုံးကို လိုက်နာဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ပြသခဲ့ပါတယ်" ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ Mariana Reva က ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက "ယူကရိန်းပြည်သူတွေကို တိုက်ခိုက်ဖို့ ရုရှားက တိုက်ခိုက်မှုတွေကို အချိန်သတ်မှတ်ထားတယ်"ဟု ပြောကြားခဲ့သည်။

ယူကရိန်းလေတပ်က ၎င်း၏လေကြောင်းရန် ကာကွယ်ရေးစနစ်များသည် ဒုံးကျည်တချို့ကို အောင်မြင်စွာကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံမှ ဒုံးကျည်အမျိုးအစားမျိုးစုံ ၈၃ စင်းကျော် ပစ်လွှတ်ခဲ့ကြောင်း၊ ၎င်းတို့အနက် ဒုံးကျည် ၄၃ စင်းကို ယူကရိန်းက ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း တီဗီအင်တာဗျူးတစ်ခုတွင် ပြောရေးဆိုခွင့်ရှိသူ YuryIgnat က ပြောကြားခဲ့သည်။

ယူကရိန်းဝန်ကြီးချုပ် Denis Shmygal က တိုက်ခိုက်မှုအတွင်း နိုင်ငံအနှံ့အပြားရှိ အဓိကကျသောအခြေခံအဆောက်အအုံ ၁၁ ခု ပျက်စီးခဲ့ကြောင်း ပြောကြားခဲ့သည်။

လျှပ်စစ်မီးပြတ်တောက်မှု၊ ရေပေးဝေမှုနှင့် ဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုဆိုင်ရာပြဿနာများကို ယူကရိန်းနိုင်ငံတစ်ဝန်းတွင် ကြုံတွေ့ခဲ့ရကြောင်း အစီရင်ခံထားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က အရပ်ဘက် အခြေခံအဆောက်အအုံများကို ဖျက်ဆီးရန် ယူကရိန်း၏ကြိုးပမ်းမှုများကြောင့် လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

**Ukraine releases data on casualties after Russian strikes ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းစစ်ဘက်ဆိုင်ရာပစ္စည်းများနှင့် အခြေခံအဆောက်အအုံများကိုပစ်မှတ်ထားသည့် ဒုံးကျည်တိုက်ခိုက်မှု အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့

ယူကရိန်းနိုင်ငံစစ်ဘက်ဆိုင်ရာပစ္စည်းများနှင့် အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားသည့် ဒုံးကျည်တိုက်ခိုက်မှုတစ်ခုသည် ၎င်း၏ပန်းတိုင်အတိုင်း အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

မဟာဗျူဟာကျသော ကရိုင်းမီးယားတံတားပေါ်တွင် လူအသေအပျောက်များသော ဖောက်ခွဲတိုက်ခိုက်မှုကို ယူကရိန်းနိုင်ငံက ကြိုးကိုင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံက ပြောကြားခဲ့ပြီးနောက် ဒုံးကျည်တိုက်ခိုက်မှုသည် ပေါ်ပေါက်လာခြင်းဖြစ်သည်။

စစ်ကွပ်ကဲမှုဌာနချုပ်များ၊ ဆက်သွယ်ရေးနှင့် စွမ်းအင်စနစ်များ အပါအဝင် ယူကရိန်းပိုင်နက်ရှိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စေရန်အတွက် ရုရှားနိုင်ငံသည် တိကျသောတာဝေးပစ်လက်နက်များကိုအသုံးပြုခဲ့ကြောင်း ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး Igor Konashenkov က မှတ်ချက်ပြုခဲ့သည်။

"တိုက်ခိုက်မှုရဲ့ ရည်မှန်းချက်ပန်းတိုင်အားလုံးအောင်မြင်ခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ပစ်မှတ်တွေ အကုန်လုံး ထိမှန်ဖျက်ဆီးနိုင်ခဲ့တယ်"ဟု ၎င်းက ဆိုသည်။

ရုရှားနိုင်ငံသည် Kiev မြို့ရှိ ပစ်မှတ်အများအပြားကို တိုက်ခိုက်ပြီးနောက် နာရီပိုင်းအကြာတွင် ၎င်း၏မှတ်ချက်များ ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။

Kiev မြို့တော်ဝန် Vitaly Klits-chko က အရေးကြီးသော အခြေခံအဆောက်အအုံများကို ထိခိုက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ တိုက်ခိုက်မှုသည် ယူကရိန်း လုံခြုံရေးဝန်ဆောင်မှုဌာန (SBU)အခြေစိုက်ရာ ဗလာဒီမာစီးယားနားလမ်းကိုလည်း ထိမှန်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး၏အကြံပေးပုဂ္ဂိုလ် Anton Ger-ashchenko က ပြောကြားခဲ့သည်။

Kiev မြို့အပြင် ယူကရိန်းနိုင်ငံ၏ အရှေ့ဘက်ရှိ Dnepr မြို့နှင့် အနောက်ဘက်ရှိ Lviv မြို့အပါအဝင် အခြားယူကရိန်းမြို့ အများအပြားကိုပစ်မှတ်ထားခဲ့သည်။ တိုက်ခိုက်မှုအပြီးတွင် ယူကရိန်းအာဏာပိုင်များက Lviv၊ Poltava၊ Sumy၊ Kharkov နှင့် Ternopol ဒေသများတွင် လျှပ်စစ်မီးပြတ်နေကြောင်း အစီရင်ခံတင်ပြထားပြီး နိုင်ငံ၏အခြားဒေသများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားအပေါ် အကြမ်းဖက်တိုက်ခိုက်မှုအသစ်များ ကြံစည်လုပ်ဆောင်ပါက ၎င်းကိုတန်ပြန်ရန် ခြိမ်းခြောက်မှုများကို ပြင်းပြင်းထန်ထန် တုံ့ပြန်သွားမည်ဟု အောက်တိုဘာ ၁၀ ရက်တွင် သတိပေးခဲ့သည်။



တိုက်ခိုက်မှုများသည် အောက်တိုဘာ ၈ ရက်က ကရိုင်းမီးယားတံတားကို လှုပ်ခတ်သွားသည့် အားပြင်းသော ပေါက်ကွဲမှုကြောင့် လူသုံးဦးသေဆုံးပြီး လမ်းအပိုင်းတစ်စိတ်တစ်ပိုင်း ပြိုကျကာ ကားလမ်းနှင့်အပြိုင် မီးရထားလမ်းတစ်လျှောက် မီးလောင်မှုဖြစ်ပွားခဲ့ပြီး နောက်နှစ်ရက်အကြာ ပေါ်ပေါက်လာခဲ့ခြင်း လည်းဖြစ်သည်။

ပေါက်ကွဲမှုအတွက် ယူကရိန်းတာဝန်ရှိသူများက တိုက်ရိုက်တာဝန်မယူခဲ့သော်လည်း အောက်တိုဘာ ၉ ရက်တွင် ရုရှားသမ္မတဗလာဒီမာပူတင်က အဆိုပါကရိုင်းမီးယားတံတားပေါက်ကွဲမှုကို ကြိုးကိုင်လုပ်ဆောင်ခဲ့သည်မှာ ယူကရိန်းထောက်လှမ်းရေးဌာနဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

**Russian MOD comments on results of strikes in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီက ယူကရိန်းသို့ လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်စုံကို ရက်အနည်းငယ်အတွင်း ပေးအပ်သွားမည်



ယူကရိန်းနိုင်ငံတစ်ဝန်းရှိ မြို့အများအပြားကို ရုရှားတို့က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် IRIS-T SLM လေကြောင်းရန်ကာကွယ်ရေးစနစ် လေးစုံအနက်မှ ပထမဆုံးသော လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်စုံကို ရက်အနည်းငယ်အတွင်း ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်သွားမည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး Christine Lambrecht က ပြောကြားခဲ့သည်။

"Kyiv နဲ့ အခြားမြို့တော်တော်များများကို ဒုံးကျည်နဲ့ပစ်ခတ်မှုဟာ ယူကရိန်းကို လေကြောင်းရန်ကာကွယ်ရေးစနစ်တွေ မြန်မြန်ဆန်ဆန်ပို့ဆောင်ဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိသာထင်ရှားပါတယ်"ဟု ဂျာမနီကာကွယ်ရေးဝန်ကြီး Christine Lambrecht က အောက်တိုဘာ ၁၀ ရက်တွင် တိုက်ခိုက်မှုအပြီး နာရီပိုင်းအကြာ ထုတ်ပြန်ခဲ့သည်။

"ရုရှားနိုင်ငံရဲ့ဒုံးကျည်နဲ့ဒရုန်း တိုက်ခိုက်မှုတွေက အရပ်သားတွေ အဓိကကြောက်ဖို့ကောင်းတယ်။ ဒါကြောင့် အခုအထူးသဖြင့် လေယာဉ်ပစ်လက်နက်တွေ သူတို့ကို ထောက်ပံ့နေပါတယ်"ဟု Christine Lam-brecht က ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယခုတိုက်ခိုက်မှုသည် ရုရှားနှင့် ကရိုင်းမီးယားကျွန်းဆွယ်ကြား အဓိကကျသော တံတားတစ်စင်းကို သိတင်းပတ်ကုန်က တိုက်ခိုက်ခြင်းအပါအဝင် ယူကရိန်းနိုင်ငံ၏ အကြမ်းဖက်လုပ်ရပ်အတွက် လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**In Wake Of Russian Missile Attacks, Germany Says It Will 'Quickly' Deliver Air Defense System To Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# It is necessary to hold deep discussions for the interests of the Union



Senior General Min Aung Hlaing receives the peace delegation led by Vice Chairman Nai Aung Min of the New Mon State Party (NMSP).

**Nay Pyi Taw October 11**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing received the peace delegation led by Vice-Chairman Nai Aung Min of the New Mon State Party (NMSP) at the parlour of Bayintnaung Villa in Nay Pyi Taw this afternoon to talk about peace issues.

Also present at the talk together with the Senior General were Vice-Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Council members General Mya Tun Oo, Lt-Gen Moe Myint Tun and Lt-Gen Yar Pyae. The Vice-Chairman of the New Mon State Party (NMSP) was accompanied by Central Executive Committee member Nai Banyar Lei and Central Committee member Nai Am Saik Cham.

At the talk, the Senior General explained designation of year 2022 as the year of peace and invitation to the peace talks for seeking the resolution over different opinions based on politics without any restrictions, plans to continue restoration of peace based on the Constitution (2008) and the Nationwide Ceasefire Agreement (NCA), exercising the genuine, discipline-flourished multiparty democratic system, efforts being made for building the Union based on democracy and federalism as the political aspiration, openly and frankly discussions on demands of the ethnic armed organizations and appropriate measures for the region and the State in the peace talks, and needs for deeply holding discussions with a wide range of scope for the sake of the Union.

The Vice-Chairman and party of the New Mon State Party (NMSP) expressed thanks for talking about peace issue for the second time without any restrictions, adding the New Mon State Party (NMSP) on its part is steadfastly participating in the track of peace with the aspiration to restore peace across the nation. They showed off their attitudes and stances on the situations that the different opinions based on politics should be solved under the political trend.

In his responses to the discussions, the Senior General said the Hluttaw is the politically highest in the democratic system, and more ethnics should participate in the Hluttaw, the political platform to demand the rights of their regions under the law. If the political parties are analyzed, they can be seen as the parties representing the politics, regions and ethnics. They should not emphasize their single party but focus on the interests of the Union through the Union spirit. Both sides cordially exchanged views on peace issues and regional development.

After the talk, the Senior General presented gifts to the Vice-Chairman of the New Mon State Party (NMSP) and party and posed for documentary photos together with the attendees.

The delegation led by the Vice-Chairman of the New Mon State Party (NMSP) will hold peace talks with the Peace Talks Team and the National Solidarity and Peacemaking Negotiation Committee formed with council members by the State Administration Council. 100



Senior General Min Aung Hlaing poses for documentary photo together with the peace delegation.

# Three-year plan underway to ensure food sufficiency, improve livelihoods in 350 villages

**Nay Pyi Taw October 11**

The Department of Rural Development cooperates with Italy-based INGP in implementing the plan for rural food sufficiency and enhancement of livelihoods in 350 villages, said Dr Zarni Min, director of the department.

The project will be implemented with the State budget, international loans and cash assistance. The department will cooperate with international partner organizations and international non-governmental organizations.

Likewise, another Italy-based INGP namely Cesvi Myanmar will cooperate with the department in implementing the three-year project to ensure food sufficiency of rural people and improve their livelihoods from October 2022 to September 2025.

CESVI Myanmar will spend US$2 million on implementation of the project. The project will comprise four main action lines to help operate the livelihoods suitable with the climatic conditions, link agricultural produce with the markets, enhance capacity of rural people to adopt the plan for rural development and exchange experiences of staff from government departments to accumulate knowledge for their assigned duties.

Moe Yan (Okkala)

# Many vessels carrying clothing and foods from Bhamo port dock at Gaw Wein jetty in Thadingyut

**Mandalay October 11**

There are many vessels carrying clothing and foods from Bhamo port docked at Gaw Wein jetty in Mandalay in Thadingyut period through Ayeyawady River, according to U Win Maung, chairman of the private vessels disciplinary committee for Mandalay Region.

Among the cargos, clothing is the cargos which are the most.

"Clothing sent from Bhamo port to Gaw Wein jetty is imported mostly from China. There are many vessels carrying clothing from Bhamo port to Gaw Wein jetty as businessmen from garment sector in Mandalay ordered it from China," he said.

There were over 30 vessels carrying clothing and foods from Bhamo port to Gaw Wein jetty in first week of October, but there are over 60 vessels starting from October 10.

Similarly, there are more than 300 ships carrying cargos to Yangon, Monywa, Sagaing, Katha, Htigyaing and Bhamo from Mandalay port. 184

# Mandalay Region to disburse more than K200 million for 300 acres of cold season sunflower plantations

**Mandalay October 11**

A plan is underway to disburse more than K200 million for cultivation of 300 acres of cold season sunflower for production of quality seeds in five townships of Mandalay Region, according to Mandalay Region Myanmar Agricultural Development Bank.

The bank branch will issue loans to local farmers for production of quality sunflower seeds. In this regard, more than K200 million will be disbursed to 100 farmers from five townships to grow cold season sunflowers on 300 acres of croplands.

"We will deliver loans to the farmers with the recommendations of relevant departments. It will start in the second week of October till December. It aims to ensure oil sufficiency in the region and cultivation of oil crops on a wider scale. The loan will be issued at five per cent interest rate per year. The loan focuses on cultivation of cold season sunflower," said region manager U Soe Ko Ko Win of Mandalay Region MADB.

In disbursement plan, K150,000 per acre of sunflower will be issued to farmers from Kyaukse, Meiktila, Yamethin, Pyawbwe and Kyaukpadaung townships. 185

# Vice Chairman of State Administration Council Deputy Prime Minister Vice Senior General Soe Win delivers address at Opening Ceremony of 23rd Myanmar Traditional Cultural Performing Arts Competition



Vice-Senior General Soe Win addresses the Opening Ceremony of 23rd Myanmar Traditional Cultural Performing Arts Competition.

**Nay Pyi Taw October 11**

The Opening Ceremony of the 23rd Myanmar Traditional Cultural Performing Arts Competition was held in accordance with the restrictions for prevention and control of COVID-19 at the Myanmar International Convention Centre-2 in Nay Pyi Taw at 9 am today and Vice Chairman of State Administration Council Deputy Prime Minister Vice Senior General Soe Win delivered an address at the ceremony.

Also present at the occasion were members of the SAC, the chairperson of the Constitutional Tribunal, the chairman of the Union Election Commission, union ministers, union level officials, judges of the Supreme Court of the Union, members of the Constitutional Tribunal, members of the UEC, the commander of the Nay Pyi Taw Command, deputy ministers, members of the Union Civil Service Board, members of the leading organizing committee, work committees and sub-committees, state and regional ministers, judges, managers, instructors, assistants, participants from national races and officials.

First, the Vice Senior General delivered the address, saying "It has been five years since the 22nd Traditional Cultural Performing Arts Competition was held in 2016. Thanks to the encouragement of the Prime Minister of the State Administration Council Government and efforts of the cabinet member union ministers from relevant ministries, traditional cultural performing arts competitions, which have been looked forward to by enthusiasts of traditional cultural performing arts for long, can be organized on a grand scale in the same manner as previous competitions at township, district, state and regional and national levels.



Vice-Senior General Soe Win formally opens the competition.



Vice-Senior General Soe Win poses for documentary photo together with judges of the competition.

Polite mind brings about prosperity, as the saying goes. It can be said that the 23rd Traditional Cultural Performing Arts Competitions organized based on the polite mind of the traditional culture is a good omen of prosperity for the State and its citizens.

Scholars believe that nature such as water, earth, humans, living things and plants has been in existence for millions of years based on evidence of primate fossils discovered within the boundary of the country.

There has been firm historical evidence of successive periods such as the late Stone Age, the Bronze Age and the Iron Age in many parts of the country. There existed evolutionary processes like languages, local dialects, faiths, traditions and customs and civilizations based on the formation of respective tribal groups and geographical conditions, establishments of towns, villages and feudal states and economic, administrative and defence powers.

Moreover, piles of evidence of successive eras have been found such as weapons used by humans for thier living, symbols and marks of faiths, mural paintings and musical instruments.

The civilization of Pyu state cities along the River Ayeyawady, the lifeblood of Myanmar, is the earliest evidence. Scholars regarded the earlier Pyu Period as 200 BC, Beikthano, Maingmaw, Tagaung, Halin, and Sri Ksetra were the ancient Pyu city states of significance. Pyu people were skilled in irrigation for cultivation and various kinds of handicrafts. They were able to make coils, jewel ornaments, gold foils, glazed earthen pots and earthen pots and build religious buildings and homes systematically. They also believed in and worshipped Buddhism.

According to the excavations, U Khin Ba Kon found 20 pieces of gold parchment inscribed with the Buddha literature in Pyu language in Sri Ksetra. Various Gathas are also included. Moreover, five bronze statues of Phy dancers featuring thier styles of performance were unearthed. There is also another evidence that a Pyu cultural troupe made a goodwill visit to the neighbouring China to perform with 22 musical instruments in AD 802.

In successive periods such as Bagan, Pinya, Inwa, Taungoo, Nyaungyan and Konbaung that followed Pyu Period, ***See Page 14***

# Myanmar chooses Thaung Pyae hill to build as a view point tower to study Srikhetra cultural zone in Pyay


Srikhetra cultural zone.

**Pyay October 11**

Thaung Pyae hill has been chosen to build as a view point tower, where the entire world heritage Srikhetra cultural zone in Pyay Township, Bago Region can be seen and studied, according to U Aung Aung Kyaw, Director (Administration) of the Department of Archeology and National Museums (Nay Pyi Taw).

Thaung Peng Gone is located about 5 miles to the southeast of Pyay City, Bago Region and ground clearance work will be started this month to build a view point tower where the entire world heritage Srikhetra cultural zone can be seen and studied. In addition, a four-lane road will be constructed to allow tourists to freely travel to the old Srikhetra Pyu Town.

It is also reported that the palace mound in the old city of Pyu will be re-excavated and U Thomakan, Arhanthar and Kyar lakes will be excavated in an orderly manner to restore the original water diversion system to ensure that there is always water in the inner moat. ASH

# Tenders invited for long staple cotton purchases from private businesspeople

**Nay Pyi Taw October 11**

Tenders will be invited to private entrepreneurs for long staple cotton sales required for cotton mills, according to sources released by the Ministry of Industry on 9 October.

Despite its inability to produce value-added cotton products on a commercial scale, Myanmar is placing emphasis on reviving job opportunities at cotton mills. As such, local cotton mills are producing 800,000 to 1 million viss of cotton each every year.

No.1 Textile Factory (Shwetaung), No.7 Textile Factory (Myittha), No.8 Textile Factory (Pyawbwe), Cotton Mill Branch (Yamethin) and Cotton Mill Branch (Taungdwingyi) under No (3) Heavy Industries will be inviting private businesspeople for cotton purchases.

The required amounts of cotton are 200,000 viss of A level cotton for No.1 Textile Factory (Shwetaung), 500,000 viss of A level cotton each for No.7 Textile Factory (Myittha) and No.8 Textile Factory (Pyawbwe) and 500,000 viss of B level cotton for Cotton Mill Branch (Yamethin) and 3 million viss of A level cotton for Cotton Mill Branch (Taungdwingyi) totalling 2 million viss.

Private businesspeople are invited to submit their tender proposals for cotton sales to respective factories to No (3) Heavy Industries of the Ministry of Industry, Office Building 37, Nay Pyi Taw, under open tender system as of 12 October this year. Tenders will be closed on 11 November. 336


A textile factory.

# Maritime experts being turned out for maritime transport development

**Yangon October 11**

Myanmar is producing maritime experts required for sustainable development of the country's maritime transport sector, according to the Ministry of Transport and Communications.

As maritime trade plays a key role in the global economy, about 75% of Myanmar's total trade volume is handled through maritime trade routes.

Balanced measures are necessary for the State to well handle the trade volume, build and develop maritime infrastructures and nurture human resources.

Myanmar Maritime University under the Ministry of Transport and Communications has been producing maritime experts. The university was first opened on the campus of the Maritime Institute in Hsinmalaik, Yangon, on 1 August, 2002. It was upgraded and opened as a university on 29 March 2004. Its convocation ceremonies started in 2007.

Since then, the university has turned out 4,285 bachelor degree holders and 1,068 diploma degree holders totalling 5,353.

They are specialized in various maritime fields such as ship building, maritime engineering, electrical engineering, port engineering, river and coastal engineering and maritime mechanical engineering. 336

*From Page 13*

Myanmar's religion, language, culture and fine arts developed and have developed till today. The Republic of the Union of Myanmar is a country where various national races have been living in unity. The country is still blessed with the literatures and fine arts of all national brethren. In the 23rd competitions this year, traditional dances of ethnic Mon will be staged by contestants from the various regions and states.

In 1951 and 1952 after the independence had been regained, State level dancing, painting and sculpturing schools were opened in Yangon and Mandalay. From 1993 onwards, universities of national culture and fine arts were opened. Before the emergence of those schools and universities, successive doyens maintained and handed down Myanmar's fine arts. The traditional cultural performing arts born together with the country's history have been maintained and safeguarded as a duty given history until the time of the present State Administration Council government.

World countries define national values of a country considering not only its economy, education and defense capabilities but highly valuable cultural history of the country. Our country is full of long cultural histories of various ethnic peoples.

The State Administration Council has been carrying out tasks by laying down the Nine Objectives since it started taking the responsibilities of the State. In laying down the social objectives, the objective of "To respect and promote the customs and traditions of all national peoples and preserve and safeguard their cultural heritage and national characteristics" was firmly provided.

The Myanmar Traditional Cultural Performing Arts Competition, which will kick off today, includes the contests of Myanmar classical songs, Myanmar and world instrumental performances, Myanmar traditional dances and internationally recognized Myanmar's marionette as well as the competition of Yamayana drama that is treasured by nations in the region. The Yamayana drama competition will be particularly staged with the art of Myanmar drama.

Despite the traditional cultural performing arts competition, it is scheduled to include not only completion of classical songs that were famous in successive eras and modern songs but that of the songs that uplift national prestige and integrity for the youths of today. The competition suspended for more than five years could be resumed today with support and encouragement of the Head of State in the time of the State Administration Council, efforts of the leading organizing committee, the working committee and sub-committees, support of the experts, and active cooperation of region and state governments. The experts and contestants of new generation blood are to respect our nation, our national and our national cultural pride and value and relay them as long as the world exists.

Then, the Vice-Senior General, Member of SAC Mahn Nyein Maung and Union Minister for Religious Affairs and Culture U Ko Ko formally opened the 23rd Myanmar Traditional Cultural Performing Arts Competition.

Afterwards, Union Minister U Ko Ko briefed on the schedule of competition.

Later, a song composed by Alinkar Kyawswa U Maung Maung Latt in honour of the competition was presented.

After the ceremony, the Vice-Senior General and members of the Organizing Leading Committee cordially greeted the judges for the competition and had a record photo taken.

The 23rd Myanmar Traditional Cultural Performing Arts Competition is held with the four objectives of uplifting national prestige and integrity, respecting and promoting the customs and traditions of all national peoples and preserving and safeguarding their cultural heritage and national characteristics, preserving traditional cultural performing arts in order to further revitalize adoration of the State and hand it down to new generation youths and contribute to the restoration of perpetual peace. 100

# Terrorists with the intention of triggering utter devastation, destroying government machinery and halting regional development are blowing up or torching electricity pylons

**Nay Pyi Taw October 11**

CRPH and NUG terrorist groups with utter devastation as their goal set up another terrorist group by the name PDF and are committing terrorist acts through various means to destroy government machinery and halt regional development.


Photo shows the fallen pylon 121 of 132 KV Baluchaung 2 Tigit power line.


Workers repairing the destroyed pylon 105.


Terrorists destroyed pylons 101, 102, 103, 104, 105132KV Baluchaung 2 Tigit power line.


Photo shows workers repairing the Shwemyo power line.

PDF terrorists are committing terrorist acts including killing of people pursuing a peaceful live under various accusations in some regions, torching or blowing up of State-owned buildings, public hospitals, schools, houses, villages, markets, State-owned and private banks, offices, State-owned and private property, factories, towers.

At the time when the government is making all-round efforts for availability of electricity the most basic need for socio-economic development of the entire national people, PDF terrorists are blowing up or torching power lines and electricity pylons.

Till today 19 pylons of nine 66 KV power lines, 45 pylons of six 230 KV and 132 KV power lines were destroyed due to terrorists' mines and arson attacks as follows:

**List of towers/concrete posts for 66 KV Power Transmission Lines blown up by terrorists so-called PDF**

| No. | Names of Power lines | Tower No | Frequency of attacks | Nos. of collapsed towers | Status of maintenance | Maintenance tasks carried out |
|---|---|---|---|---|---|---|
| 1 | 66 KV Minbu-Ngaphe Powerline (Defence Industry-14 | 40 | 2 | 2 | Completed | Maintenance task was carried out with 30 staff for one day for each tower. |
| 2 | 66 KV Kyun Chaung-Myaing(2) Tatmadaw Heavy Industry | 343 344 | 4 | 12 | Completed | |
| 3 | 66 KV Shwe Taung-Paukkhaung Defence Industry-19 | 241 273 | 3 | 3 | Completed | |
| 4 | 66 KV Oshitpin-Hsinte | 204 | 1 | 1 | Completed | |
| 5 | 66 KV Kyaukhtu-Saw | 263 | 1 | 1 | Completed | |
| 6 | 66 KV Kyaukhtu-Htilin | Between 62 and 63 | 1 | Cut-off | Completed | |
| 7 | 230 KV Nyaungbingyi-Chaungku | Between 45 and 46 | 1 | Cut-off | Completed | |
| 8 | 66 KV Loikaw-Bawlake | 619 | 1 | Under inspection | To be carried out | - |
| 9 | 66 KC Loikaw-Shadaw | Between 147 and 148 | 1 | Under inspection | To be carried out | - |
| | Nine 66 KV power transimission lines | | 15 | | | |
| Estimated losses of damaged power transmission lines MMK 25.9 million | | | | | | |

**List of 230 KV and 132 KV Power Transmission Lines blown up by terrorists so-called PDF**

| No | Names of power lines | Frequency of attacks | Nos of collapsed towers | Status of maintenance | Maintenance tasks carried out |
|---|---|---|---|---|---|
| 1 | 132 KV Baluchaung (2)- Tikyit | 6 | 19 | Completed | Maintenance task was carried out with 60 staff for three days for each tower |
| 2 | 230 KV Baluchaung(2)-Shwemyo | 6 | 15 | 6 towers completed, 9 towers to be carried out. | Maintenance task was carried out with 118 staff for eight days for each tower |
| 3 | 230 KV Baluchaung(2)-Taungoo | 4 | 6 | Still under deterioration | Maintenance task was carried out with 56 staff for six days for each tower |
| 4 | 230 KV Mansan-Shwersaryan | 1 | 1 | Completed | Maintenance task was carried out with 132 staff for eight days |
| 5 | 230 KV Mawlamyine-Myawady | 1 | 2 | Under maintenance | |
| 6 | 132 KV Shwesaryan-Tagundaing | 1 | 2 | Completed | Maintenance task was carried out with 60 staff for eight days |
| | Six 230 KV and 132 KV power transmission lines | 19 | 45 | | |
| Estimated losses of damaged power transmission lines MMK 4,034.715 million | | | | | |

PDF terrorists are blowing up or burning down pylons to disturb the government's efforts to electrify all regions and states including rural areas for achieving national development through regional development. The entire people are requested to join hands in protecting the facilities for national progress and stability and sending information about the movements of terrorists to the nearest security forces in case they received any such information till terrorists can no more survive. 100



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ်။

(၁၂) ရှေ့ဖုံးမှအဆက်

**နိုင်ငံရေးအရဖြစ်ပေါ်နေသည့် သဘောထားကွဲလွဲမှုများကို မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ခြင်းဖြစ်**သည့်အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည့်အခြေအနေများ၊ **စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**သည့်အခြေအနေများ၊ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏တောင်းဆိုချက်များ၊ **ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည်ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် လေးလေးနက်နက်ဆွေးနွေးဆောင်ရွက်သွားကြရန်လို**သည့်အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယခုကဲ့သို့ ဒုတိယအကြိမ် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခွင့်ရပြီး မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ ဆွေးနွေးခွင့်ရရှိသည့်အတွက် အားရကျေနပ်တင်ရှိသည့် အခြေအနေများ၊ မွန်ပြည်သစ်ပါတီ (NMSP)အနေဖြင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးကို ရည်မှန်းချက်ထားပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် အစဉ်တစိုက်ပါဝင်လျှောက်လှမ်းနေသည့်အခြေအနေများ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးအရသာ ဆွေးနွေးဖြေရှင်းရေးကိုလည်း ရပ်တည်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးသည်။

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီတောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်သည့်အခြေအနေများ၊ ပါတီများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက နိုင်ငံရေးကိုအခြေခံသည့်ပါတီ၊ ဒေသကို ကိုယ်စားပြုသည့်ပါတီ၊ တိုင်းရင်းသားကို ကိုယ်စားပြုသည့်ပါတီဟူ၍ရှိပြီး မိမိတို့တစ်ဖွဲ့တည်း၊ တစ်ပါတီတည်း ကြည့်၍ မရဘဲ ပြည်ထောင်စုစိတ်ဖြင့် ပြည်ထောင်စုအကျိုးကို ရှေးရှုဆောင်ရွက်ကြရန်လိုသည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌနိုင်အောင်မင်းအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ တာချီလိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ပန်းတနော်မြို့၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ချောက်မြို့နယ်၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် မိတ္ထီလာမြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများ စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။



ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ နယ်မြေခံတပ်မတော်သားများက ဟင်းသီးဟင်းရွက်များနှင့်တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။



ရခိုင်ပြည်နယ် ဓနတွေမြို့၌ နယ်မြေခံတပ်မတော်သားများက ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးစဉ်။

# ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား (၁၃၂)ကြိမ်မြောက် ပူဇော်ပွဲတော် သံဃဒါန သံဃာတော်အပါး ၁၀၀၀ ဆွမ်းကြီးလောင်းလှူပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၁၁**

ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား၏ (၁၃၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော် သံဃဒါန သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းသပိတ်လောင်းလှူပွဲ အခမ်းအနားကို မန္တလေး အောင်မြေသာစံ မြို့နယ်ရှိ မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင် များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကုသိုလ်တော်မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင် တော်တွင် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား အလှူရှင်များ နှင့်အတူ ဆွမ်းသပိတ်များ၊ လှူဖွယ်ပစ္စည်း များ၊ နဝကမ္မဝတ္ထုငွေများ လောင်းလှူ ပူဇော်ကြကာ အခမ်းအနားကို အစီအစဉ် အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁၁**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ၂၀၂၂-၂၀၂၃ (၁၃၈၄-၁၃၈၅)ပညာသင်နှစ်အတွက် သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း၊ သာမဏေများသည် အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏ စာသင်တန်း၊ သကျသီဟစာသင်တန်းတစ်ခုခုအောင်မြင်ပြီး သက်တော် ၃၀နှစ်၊ သိက္ခာ တော် ၁၀ ဝါအောက်ရှိရမည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း၊ သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျ သီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့တစ်ခုခုရရှိပြီး သက်တော် ၃၅နှစ်၊ သိက္ခာ တော် ၁၅ ဝါအောက်ရှိ အရှင်မြတ်များ လျှောက်ထားနိုင်ကြောင်း သိရသည်။

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း၊ သာမဏေများသည် အစိုးရပထမကြီးတန်းနှင့်ညီမျှသော ဝိနည်းဆိုင်ရာ ငါးပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ ငါးပုစ္ဆာ၊ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ ငါးပုစ္ဆာနှင့် အထွေထွေ ဗဟုသုတ ငါးပုစ္ဆာ၊ မေးခွန်းလွှာတစ်ခုကိုတစ်ရက်စီ စုစုပေါင်းနှစ်ရက် ဖြေဆိုကြရမည် ဖြစ်သည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း၊ သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့်ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကိုပထမနေ့တွင် (က) အတ္ထယောဇနာ (ခ) ဝါကျသဒ္ဒါ (ဂ) အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် ၁၀ ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် ၁၀ ပုစ္ဆာဖြေဆိုရမည်။

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်ထားလွှာများကို ၁၃၈၄ ခုနှစ် သီတင်းကျွတ် လဆုတ် ၉ ရက်၊၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်၊ အင်္ဂါနေ့(အစိုးရရုံးပိတ်ရက်များ) မှအပ စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၄ ရက်၊ သောကြာနေ့နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိ လိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်း ရုံး(ဖုန်း ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)မော်ကွန်းထိန်းရုံး(ဖုန်း ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁)တို့သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို မဟာမုနိရုပ်ရှင်တော်နှင့် မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားတို့ကို ဖူးမြော်ကြည်ညို

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၀ ရက်က မဟာမုနိရုပ်ရှင်တော်နှင့် မန္တလေး တောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား တို့ကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်သို့ မွန်းလွဲ ပိုင်းတွင် ရောက်ရှိပြီး မဟာမုနိရုပ်ရှင်တော် မြတ်အား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြ ပြီး လှည့်လည်ကြည့်ရှုကာ ဘုရားဖူးလာ ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် အဖွဲ့သည် မဟာမုနိဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဂေါပကရုံးခန်းတွင် တွေ့ဆုံ ကာ ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့ စွာ ဖူးမြော်ကြည်ညိုနိုင်ရေး အလေးထား ဆောင်ရွက်ရန်၊ ဘုရားကြီးပရိဝုဏ်အတွင်း အပြင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေး၊ ဘဏ္ဍာငွေများသုံးစွဲရာတွင် အလေအလွင့် မဖြစ်ပေါ်စေရေးနှင့် လုပ်ငန်းတာဝန်များ အပေါ် စေတနာထားဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဘုရားကြီးရင်ပြင်တော်တွင် ဆီမီးများထွန်းညှိပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်





အဖွဲ့သည် မန္တလေးတောင်တော်သို့ ညနေ ပိုင်းတွင်ရောက်ရှိပြီး မန္တလေးတောင်တော် စိမ်းလန်းစိုပြည်ရေးအတွက် တောင်အတက် အဆင်းကားလမ်းတစ်လျှောက် စိုက်ပျိုး ထားသည့် အရိပ်ရအပင်များ ရှင်သန်မှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင် အတက်အဆင်း ကားလမ်းတစ်လျှောက် စိုက်ပျိုးထားသည့်အပင်များ ရှင်သန်ရေး၊ ပတ်ဝန်းကျင်အမြင်တင့်တယ်ရေး၊ ဘဏ္ဍာငွေ အလေအလွင့်မရှိစေရေးတို့ကို ကြပ်မတ် ဆောင်ရွက်ရန်နှင့် ဘုရားဖူးလာပြည်သူ များ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေး တို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားကို ဖူးမြော် ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူ ကာ ဂေါပကအဖွဲ့ထံ အလှူငွေများလှူဒါန်း ပြီး ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အောက်တိုဘာ ၁၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၂ ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

အောက်တိုဘာ ၁၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၀၁၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် ၂၉၂ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၆၉၈၂ ဦး |
| သေဆုံးသူ | ၁၉၄၆၇ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၁၀၄၆ ဦး |

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတင်ကျင်းပ




(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။




(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)ကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၈၈၃ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ် ပညာရှင်ဦးရေ ၁၇၀ ဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည် ဖြစ်ကြောင်း သိရသည်။

**ယနေ့တွင် "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ခါနွေဆန်း"(ယိုးဒယား)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဖန်ထွေလာ"(မွန်)ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "ထွန်းလင်းလျှံလက်" (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးမှ ပြိုင်ပွဲဝင်က "သနင်္ဂမည်" (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "လွမ်းမလေ့"(ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းမှုံကြွယ်" (ယိုးဒယား)ဖြင့်လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မင်းခမ်း တော်စုံ" ဖြင့်လည်းကောင်း၊ မကွေးတိုင်း ဒေသကြီးမှ ပြိုင်ပွဲဝင်က "ရွှေပန်းပန်အစချီ လေးထွေသံကပ်နှင့် မြင်းခင်း" သီချင်းဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ရဝေဒေါင်းယာဉ်ပျံ" (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ အခြေခံပညာ အဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ် အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် တို့မှ ပြိုင်ပွဲဝင်များက "ရွှန်းရွှန်းမြ" (သီချင်းခံ)ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်" (ဘွဲ့)ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က "အာကာတစ်ခို"(ပတ်ပျိုး)ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ရွှေပစ္စုန်"(ယိုးဒယား)ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်တေး" တေးသီချင်းအဆို ပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ကျင်းပရာ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယား ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ရောင်ပေစူး" သီချင်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက "ဖြူနီညိုပြာ" သီချင်းဖြင့်လည်း ကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကောင်းသောပညာ" သီချင်းဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "အမေ့အကြောင်း သတင်းကောင်း" သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "စခန်းအောင်မြေ"သီချင်းဖြင့်လည်းကောင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ကျေးစေတမန်" သီချင်း ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်၊ ပဲခူး တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက "သားမောင်မောင်" သီချင်းဖြင့်လည်းကောင်း၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က "အပျိုတော်မလေးမိနှင်းပျို" သီချင်းဖြင့် လည်းကောင်း၊ မွန်ပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "နားလည် ပေးပါ" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က "စိမ်းရောင်စို" သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲကို** မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်နှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာ အမွေ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည် နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မွေခံထိုက်စေ" ခေါင်းစဉ် ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယား ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အားမာန်သစ်တည် ရွှေ့သို့ချီ" ခေါင်းစဉ် ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း ပြိုင်ပွဲ တွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက "ပညာပြည့်ဝနှလုံးလှ" ခေါင်းစဉ်ဖြင့် လည်းကောင်း ရသစုံလင်စွာ ဖော်ကျူး တေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**စောင်းအတီးပြိုင်ပွဲကို** အမျိုးသား ပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မှ ပြိုင်ပွဲဝင်က "ဘုန်းမိုးသွန်းလောင်း" (သီချင်းခံ)ဖြင့်လည်းကောင်း၊ အဆင့်မြင့် ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရခိုင် ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ"(ကြိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟေဝန်"(ယိုးဒယား)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "စုံသာမြိုင်လယ်"(သီချင်းခံ) ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ရွှေတညာ"(ယိုးဒယား)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သာဆန်း ရဂုံဗွေ" (ပတ်ပျိုး)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ယသော်ဓရာ"(ယိုးဒယား)ဖြင့် လည်း ကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "ရွှေဘုန်း ရွှေဘုန်းတော်"(ကြိုး)ဖြင့် လည်း ကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ် ယှဉ်ပြိုင်ကြသည်။

**ဆိုင်းအဖွဲ့ အလိုက် အတီးပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာ ရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲ တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင် ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အခြေခံပညာအဆင့် အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကယားပြည်နယ်နှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကုဏ္ဍလာအိုင်"(ယိုးဒယား)ဖြင့် လည်း ကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိုးလုံးပတ်လည်"(ပတ်ပျိုး)ဖြင့် လည်း ကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း ဒေသကြီးမှ ပြိုင်ပွဲဝင်က "ညာသမြေဘောင်" (ကြိုး)ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ယသော်ဓရာ"(ယိုးဒယား)ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မဏိကဥ္စနာ"(ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ရွှေပန်းပန် ငယ်နှင့် ကိုယ်တော်နှင်းနှံ့" (လေးထွေ သံကပ်)ဖြင့်လည်းကောင်း၊ ပဲခူးတိုင်း ဒေသကြီးမှ ပြိုင်ပွဲဝင်က "သောင်းရွှေလယ်" (ယိုးဒယား)ဖြင့်လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှိုင်းပြာ မှုံဝေ" (ပတ်ပျိုး)ဖြင့်လည်းကောင်း တီးခတ် ယှဉ်ပြိုင်ကြသည်။

**စန္ဒရားအတီးပြိုင်ပွဲကို** မြန်မာအပြည် ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောတောင်စွယ်"(ယိုးဒယား) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူး တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ထောင်ရောင်နေကသာ" သီချင်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင် က "တောတောင်စွယ်" (ယိုးဒယား)ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောမြိုင်စွန်း" သီချင်းဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သာဆန်း" သီချင်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မန်းတောင်လက်ယာ" သီချင်း ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မှ ပြိုင်ပွဲဝင်က "မိန်ရာသီ" သီချင်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အောင်မင်္ဂလာ" သီချင်းဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြိုင်ယံရွှေလျှံ" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြိုင်ယံရွှေလျှံ" သီချင်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "မိန်ရာသီ" သီချင်းဖြင့်လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးမှ ပြိုင်ပွဲဝင်က "အောင်မင်္ဂလာ" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ အဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မဲဇာရွှေလီ" သီချင်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောနှင့် တောင်စွယ်" သီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က "ဂန္ဓမာတောင်" သီချင်းဖြင့်လည်း ကောင်း ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များနှင့် တာဝန်ရှိသူများ ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကနန္ဒာ စေတီတော်မြတ်ကြီး၌ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲပြုလုပ်စဉ်။



**နေပြည်တော် အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီး၌ပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒာသိရီ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်နယ်သြဝါဒါစရိယ စစ်တွေ မြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော်က ပရိတ်၊ ပဋ္ဌာန်းဒေသနာတော်နှင့်ပတ်သက်၍ သြဝါဒကထာ မိန့်ကြားသည်။ ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယက ရောင်ခြည်တော်ဖွင့်ဂါထာတော်ဖြင့် ဘုရားရှင်အားပင့်လျှောက်ပြီး အဆိုပါကျောင်းတိုက်မှ စာချဆရာတော် ဘဒ္ဒန္တတေဇသီရိက ပဋ္ဌာန်းအမွှန်းဂါထာဖြင့် ရွတ်ဖတ်ပူဇော်ကာ အလှည့်ကျဆရာတော်က မြတ်ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၅ ရက်ထိ ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံအစိုးရအချင်းချင်းသဘောတူညီမှုအရ မြန်မာ့တန်းမြင့်ဆန် စတင်တင်ပို့

**နေပြည်တော် အောက်တိုဘာ ၁၁**

ရန်ကုန်မြို့ရှိ ဆူးလေဆိပ်ကမ်းတွင် ဆိုက်ကပ်ရောက်ရှိနေသော MV VTC Ocean သင်္ဘောဖြင့် မြန်မာ့တန်းမြင့်ဆန်တန်ချိန် ၂၁၃၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှု စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါသင်္ဘောတင်ပို့မှုသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် နှစ်နိုင်ငံအစိုးရအချင်းချင်း သဘောတူညီထားမှုအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်တင်ပို့ခြင်းဖြစ်သည်။ ယခုနှစ်တွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဦးစီးဌာနတို့အကြား တန်းမြင့်ဆန် ငါးရာခိုင်နှုန်း တန်ချိန် ၂၅၀၀၀၀ စာချုပ်ချုပ်ထားပြီးဖြစ်ကြောင်းနှင့် ယခု MV VTC Ocean သင်္ဘောဖြင့် တင်ပို့မှုသည် အဆိုပါစာချုပ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၂၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၇၄ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူဦးရေ ၁၂၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် နှစ်ဦးကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့ နေ့လယ်ပိုင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကိုပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက အသိပညာပေးစကားများ ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ အင်းစိန်မြို့နယ်၊ လှည်းကူးမြို့နယ်၊ သန်လျင်မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကော့မှူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီးလေးဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်း အပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# CDF အမည်ခံအကြမ်းဖက်အဖွဲ့များ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သော ဟားခါးမြို့နှင့်ထန်တလန်မြို့အကြားရှိ သီးမြစ်ချောင်းကူးတံတား ပြန်လည်ပြုပြင်ပြီးစီး၍ မော်တော်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာလျက်ရှိ



၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့နှင့် ထန်တလန်မြို့ကြားရှိ သီးမြစ်တံတားကို CDF အမည်ခံအကြမ်းဖက်အဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၁**

NUG နှင့်PDF အမည်ခံ အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူလူထုများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများကို ထိခိုက်ဒဏ်ရာရရှိစေရန်နှင့်လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ CDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ဟားခါးမြို့နှင့် ထန်တလန်မြို့ကို ဆက်သွယ်ထားသည့် ဟားခါးမြို့၏ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ အရှည် ပေ ၇၀၊ အကျယ် ပေ ၃၀ ရှိ သံကူကွန်ကရစ်အမျိုးအစား သီးမြစ်ချောင်းကူးတံတားအား ၂၀၂၁ခုနှစ် အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဒေသန္တရလက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ တံတားကြမ်းခင်းများ ကျိုးကျပေါက်ပြဲပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိသဖြင့် ဒေသတွင်းကုန်စည်စီးဆင်းမှု အခက်အခဲများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ CDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဖောက်ခွဲဖျက်ဆီးခဲ့သည့် သီးမြစ်ချောင်းကူးတံတားကို ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် နယ်မြေခံတပ်မတော်သားများက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာအဖွဲ့များက ချင်းပြည်နယ် တံတားအထူးအဖွဲ့(၁)မှ အင်ဂျင်နီယာများနှင့်အတူ ဘေလီပေါင် တစ်လွှာတပ်ဆင်ခြင်း၊ တံတားရက်မတပ်ဆင်ခြင်း၊ ချုပ်တန်းတပ်ဆင်ခြင်း၊ အခင်းခင်းခြင်း၊ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း စသည့်ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့သဖြင့် ယခုအခါ မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းသွားလာလျက်ရှိကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းမကြီးများနှင့် တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည့် CDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့နှင့် ထန်တလန်မြို့ကြားရှိ သီးမြစ်တံတား တည်ဆောက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

# စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အတွင်း တရားမဝင် လောင်းကစားပြုလုပ်နေသူများကို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အတွင်း တရားမဝင်လောင်းကစားဝိုင်းများ ပြုလုပ်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အောက်တိုဘာ ၇ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အတွင်း ကြက်ဝိုင်း၊ ဖဲဝိုင်း လောင်းကစားဝိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အလျား ပေ ၁၀၀၊ အနံ ပေ ၄၀ ခန့်ရှိ လောင်းကစားရုံအတွင်း လောင်းကစားပြုလုပ်နေသူများကိုတွေ့ရှိခဲ့သဖြင့် ဖမ်းဆီးရန်ဆောင်ရွက်စဉ် လောင်းကစားပြုလုပ်နေသူအချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြန်လည်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ငယ်ဖြင့်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ရန်ပြုတိုက်ခိုက်သူ တစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၁၇ ဦး ဖမ်းဆီးရမိခဲ့ကာ လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် မော်တော်ယာဉ် တစ်စီး၊ မော်တော်ဆိုင်ကယ် ၄၁ စီး၊ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ လက်ကိုင်ဖုန်းများနှင့် ငွေအချို့သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို စစ်တွေမြို့မ ရဲစခန်း၌ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာရရှိသူအား နယ်မြေခံတပ်မတော်ဆေးရုံ၌ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် အဆိုပါနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။





စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အတွင်း တရားမဝင်လောင်းကစားပြုလုပ်စဉ် ဖမ်းဆီးရမိသူများကို မော်တော်ဆိုင်ကယ်များနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်ပြင်(၁) ရပ်ကွက်နေ ငဝါစိုး(ခ)ငဝါ(ခ)ငယ်လေးသည် ၎င်းအသုံးပြုသည့် “Ngal Lay (Cool)” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာနေ အောင်ဟိန်းထွန်း(ခ)ရှင်းမင်းသန့်သည် ၎င်းအသုံးပြုသည့် “Shin Min Thant” Facebookအကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နတ်ညွန့်ကျေးရွာနေ မျိုးကိုကိုသည် ၎င်းအသုံးပြုသည့် “Tom Tom” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**❑ မီးရှို့ဖျက်ဆီးမှု**

ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် တယ်လီဖုန်းတာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော လျှပ်စစ်မီးရရှိရေးအတွက် အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံအကြမ်းဖက်သမားများက လျှပ်စစ်ဓာတ်အားလိုင်းများ၏ တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခဲ့ခြင်းကြောင့် ယနေ့အထိ ၆၆ ကေဗွီဓာတ်အားလိုင်း ကိုးလိုင်း၏ တာဝါတိုင် ၁၉ တိုင်နှင့် ကေဗွီ ၂၃၀ နှင့် ၁၃၂ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း ခြောက်လိုင်းတို့၏ တာဝါတိုင် ၄၅ တိုင်တို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လျှပ်စစ်မီးများ တိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုး **စာမျက်နှာ ၂၄ သို့**

**၆၆ ကေဗွီ ဓာတ်အားလိုင်းများ၏ တာဝါတိုင်/ကွန်ကရိတိုင်များအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ပျက်စီးခဲ့မှုစာရင်း**

| စဉ် | ဓာတ်အားလိုင်းအမည် | တာဝါတိုင်အမျိုးအစား | အကြိမ်ရေ | ပြိုလဲပျက်စီးခဲ့သည့် တိုင်အရေအတွက် | ဆောင်ရွက်မှု အခြေအနေ | ပြင်ဆင်ခဲ့မှု အခြေအနေ |
|---|---|---|---|---|---|---|
| ၁။ | ၆၆ ကေဗွီ မင်းဘူး-ငဖဲ(ကပစ-၁၄) | တိုင်အမှတ်(၄၀) | ၂ | (၂) တိုင် | ဆောင်ရွက်ပြီး | (၁) ကြိမ်လျှင် ဝန်ထမ်းအင်အား (၃၀) ဦး ဝန်းကျင်ခန့်ဖြင့် (၁)တိုင်လျှင် (၁)ရက်ကြာ ပြုပြင်ခဲ့ပါသည်။ |
| ၂။ | ၆၆ ကေဗွီ ကျွန်းချောင်း-မြိုင်(၂) တပ်မတော်အကြီးစားစက်ရုံ | တိုင်အမှတ်(၃၄၃) | ၄ | (၁၂) တိုင် | ဆောင်ရွက်ပြီး | |
| | | တိုင်အမှတ်(၃၄၄) | | | | |
| ၃။ | ၆၆ ကေဗွီ ရွှေတောင်-ပေါက်ခေါင်း ကပစ(၁၉) | တိုင်အမှတ်(၂၄၁) | ၃ | (၃) တိုင် | ဆောင်ရွက်ပြီး | |
| | | တိုင်အမှတ်(၂၇၃) | | | | |
| ၄။ | ၆၆ ကေဗွီ ဥသျှစ်ပင်-ဆင်တဲ | တိုင်အမှတ်(၂၀၄) | ၁ | (၁) တိုင် | ဆောင်ရွက်ပြီး | |
| ၅။ | ၆၆ ကေဗွီ ကျောက်ထု-ဆော | တိုင်အမှတ်(၂၆၃) | ၁ | (၁) တိုင် | ဆောင်ရွက်ပြီး | |
| ၆။ | ၆၆ ကေဗွီ ကျောက်ထု-ထီးလင်း | (၆၂)နှင့် (၆၃)အကြား | ၁ | ကြိုးပြတ် | ဆောင်ရွက်ပြီး | |
| ၇။ | ၂၃၀ ကေဗွီ ညောင်ပင်ကြီး-ချောင်းကူး | (၄၅)နှင့် (၄၆)အကြား | ၁ | ကြိုးပြတ် | ဆောင်ရွက်ပြီး | |
| ၈။ | ၆၆ ကေဗွီ လှိုင်ကော်-ဘော်လခဲ | တိုင်အမှတ်(၆၁၉) | ၁ | စစ်ဆေးဆဲ | ဆောင်ရွက်ရန်ကျန် | - |
| ၉။ | ၆၆ ကေဗွီ လှိုင်ကော်-ရှားတော | (၁၄၇)နှင့် (၁၄၈)အကြား | ၁ | စစ်ဆေးဆဲ | ဆောင်ရွက်ရန်ကျန် | - |
| | **၆၆ ကေဗွီ ဓာတ်အားလိုင်း(၉)လိုင်း** | | **၁၅-ကြိမ်** | | | |
| | **၆၆ ကေဗွီ မဟာဓာတ်အားလိုင်းများ၏ ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး(၂၅. ၉ ကျပ်သန်း)** | | | | | |

**၂၃၀ ကေဗွီ နှင့် ၁၃၂ ကေဗွီ ဓာတ်အားလိုင်းများ၏ တာဝါတိုင်များအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်း**

| စဉ် | ဓာတ်အားလိုင်းအမည် | အကြိမ်ရေ | ပြိုလဲပျက်စီးခဲ့သည့် တိုင်အရေအတွက် | ဆောင်ရွက်မှု အခြေအနေ | ပြင်ဆင်ခဲ့မှု အခြေအနေ |
|---|---|---|---|---|---|
| ၁။ | ၁၃၂ ကေဗွီ ဘီလူးချောင်း(၂) -တီကျစ် | ၆ | (၁၉) တိုင် | ပြုပြင်ပြီးစီးခဲ့ပါသည်။ | (၆) ကြိမ် ဖျက်ဆီးခံရပြီး၊ (၁) ကြိမ်လျှင် ဝန်ထမ်းအင်အား (၆၀)ဦးခန့်နှင့်(၁) တိုင်လျှင်(၃)ရက်ကြာ ပြုပြင်ခဲ့ပါသည်။ |
| ၂။ | ၂၃၀ ကေဗွီ ဘီလူးချောင်း(၂) ရွှေမြို | ၆ | (၁၅) တိုင် | ၆ တိုင် ပြုပြင်ခဲ့ပြီး၊ (၉) တိုင်ပြင်ဆင်ရန်ကျန် | (၆) ကြိမ်ဖျက်ဆီးခံရပြီး၊ (၁)ကြိမ်လျှင် ဝန်ထမ်းအင်အား (၁၀၈)ဦးခန့်နှင့် (၁) တိုင်လျှင်(၈) ရက်ကြာ ပြုပြင်ခဲ့ပါသည်။ |
| ၃။ | ၂၃၀ ကေဗွီ ဘီလူးချောင်း(၂) တောင်ငူ | ၄ | (၆) တိုင် | အပြစ်ဖြစ်ပေါ်ဆဲ | (၄) ကြိမ် ဖျက်ဆီးခံရပြီး၊ (၁) ကြိမ်လျှင် ဝန်ထမ်းအင်အား (၅၆) ဦးခန့်နှင့် (၁) တိုင်လျှင်(၆) ရက်ကြာ ပြုပြင်ခဲ့ပါသည်။ |
| ၄။ | ၂၃၀ ကေဗွီ မန်စံ-ရွှေစာရံ | ၁ | (၁) တိုင် | ပြုပြင်ပြီးစီးခဲ့ပါသည်။ | ဝန်ထမ်းအင်အား (၁၃၂) ဦးဖြင့် (၈) ရက် ပြုပြင်ခဲ့ပါသည်။ |
| ၅။ | ၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ | ၁ | (၂) တိုင် | ပြုပြင်ဆဲ | - |
| ၆။ | ၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင် | ၁ | (၂) တိုင် | ပြုပြင်ပြီးစီးခဲ့ပါသည်။ | ဝန်ထမ်းအင်အား (၆၀) ဦးဖြင့် (၈) ရက် ပြုပြင်ခဲ့ပါသည်။ |
| | **၂၃၀နှင့် ၁၃၂ ကေဗွီ ဓာတ်အားလိုင်း (၆)လိုင်း** | **၁၉ -ကြိမ်** | **၄၅-တိုင်** | | |
| | **၂၃၀ နှင့် ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းများ၏ ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး(၄,၀၃၄. ၇၀၅ ကျပ်သန်း)** | | | | |



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်ဓာတ်အားလိုင်း ပြိုလဲတာဝါတိုင်အမှတ် (၁၀၈၊၁၀၉)တို့ကို ပြန်လည်ဖြုတ်သိမ်းခြင်း မှတ်တမ်းဓာတ်ပုံ။



၆၆ ကေဗွီ ကျွန်းချောင်း-မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ်(၃၅၆)Sus;တိုင် ဖျက်ဆီးခံရသည့် မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၉၆)မှ (၁၀၉)အထိ ပြိုလဲပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။





၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်ဓာတ်အားလိုင်း ဖျက်ဆီးခံရသည့် တာဝါတိုင်အမှတ်(၁၀၁၊၁၀၂၊၁၀၃၊၁၀၄၊၁၀၅)ပြိုလဲပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၀၁) ပြန်လည်ပြုပြင်နေသည့် မှတ်တမ်းဓာတ်ပုံ။



၃-၁-၂၀၂၂ ရက်တွင် ကေဗွီ ၂၃၀ ဘီလူးချောင်း(၂)-ရွှေမြို့ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၉၈) ပြိုလဲပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ကေဗွီ ၂၃၀ ဘီလူးချောင်း(၂)-ရွှေမြို့ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၆၅) တိုင်ကျိုးပြုပြင်သည့် မှတ်တမ်းဓာတ်ပုံ။



၁၈-၁၁-၂၀၂၁ ရက်တွင် ပြိုလဲပျက်စီးခဲ့သည့် ကေဗွီ ၂၃၀ ဘီလူးချောင်း(၂)- ရွှေမြို့ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၂၁)ကို ပြန်လည်ပြုပြင်နေသည့် မှတ်တမ်းဓာတ်ပုံ။




၁၈-၁၁-၂၀၂၁ ရက်တွင် ပြိုလဲပျက်စီးခဲ့သည့် ကေဗွီ ၂၃၀ ဘီလူးချောင်း(၂)-ရွှေမြို့ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၂၂)ကို ပြန်လည်ပြုပြင်နေသည့် မှတ်တမ်းဓာတ်ပုံ။



၂၁-၁၂-၂၀၂၁ ရက်တွင် ပြိုလဲပျက်စီးခဲ့သည့် ကေဗွီ ၂၃၀ ဘီလူးချောင်း(၂)-ရွှေမြို့ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၅၃)ကို ပြန်လည်ပြုပြင်နေသည့် မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၃ မှအဆက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးလက်ဒေသများပါမကျန် မီးရရှိရေးရည်ရွယ် ဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံ အကြမ်းဖက်သမားများက ယခုကဲ့သို့ လျှပ်စစ်တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံး အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်း ကာကွယ်သွားကြရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများရပ်တည်မှု မရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံသတင်းထုတ်ပြန်အပ်ပါသည်။

## ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးသတိပြုရမည့် အချက်များ

- ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို နာတာရှည်ရောဂါအခံရှိသူများ(ဥပမာ-ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ပန်းနာရင်ကျပ်၊ အဆုတ်၊ လေဖြတ်ရောဂါ စသည့်ရောဂါဝေဒနာတစ်ခုခု ခံစားနေရသူများ)အနေဖြင့် သာမန်လူများထက် ပိုမိုအလေးထားဆောင်ရွက်သင့်ပါသည်။
- ကိုဗစ်-၁၉ရောဂါကို ရောဂါအမြစ်ပြတ်သည်အထိ ကာကွယ်ထိန်းချုပ်ရန်အတွက် ကိုဗစ်ကာကွယ်ဆေးထိုးနှံခြင်းမှအပ ကျန်သည့်နည်းလမ်းများမရှိသေးပါ။
- ကိုဗစ်-၁၉ရောဂါပိုးကို ထိရောက်စွာတွန်းလှန်ကာကွယ်နိုင်ရေးအတွက် လေကောင်းလေသန့်ရရှိ၍ လေဝင်လေထွက်ကောင်းမွန်သော နေရောင်ခြည်နှင့်အလင်းရောင်ကောင်းစွာရရှိသော၊ လူနေစုပြုံ၍ လူထူထပ်မှုမရှိသော ပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်သင့်ပါသည်။

# သက်သေကြိုတင်ထွက်ချက်နှင့် တရားခံဖြောင့်ချက်တို့ကို စိစစ်ဆုံးဖြတ်ရမည်

စိန်လှိုင်ပိုလ်

"သက်သေတစ်ဦး၏ ကြိုတင်ထွက်ဆိုချက်ကို တရားခံအပြစ်ရှိ၊ မရှိဆိုသောအချက်နှင့်ပတ်သက်၍ စဉ်းစားရန်မဟုတ်ဘဲ ၎င်းသက်သေထွက်ဆိုချက် မှန်၊ မမှန်ဆိုသောအချက်ကို စိစစ်ရန်အတွက်သာ အသုံးချရမည်"ဟူသော အထူးအယူခံခုံရုံး၏ စီရင်ထုံးဖွဲ့မှုသည် တရားသူကြီးများအပါအဝင် ဥပဒေလောကသားများ အားလုံးအတွက် သိသင့်သိထိုက်သည်ဖြစ်၍ ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုဖြစ်ပွားပုံမှာ ၁၉၉၇ ခုနှစ် မေ ၁၃ ရက် ည ၂၁ နာရီခန့်တွင် စဉ့်ကူးမြို့နယ် ခမ်းပါးရွာနေ ဒေါ်ရီသည် တစ်ဦးတည်းနေထိုင်သူဖြစ်ပြီး ညအချိန်ပူအိုက်သဖြင့် အိမ်ခြေရင်းရှိ တန်းလျားပေါ်တွင် အိပ်ပျော်နေသည်။ ထိုသို့အိပ်ပျော်နေစဉ် လည်ပင်းတွင် ဓားခုတ်ဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးနေသည်ကို နံနက်မိုးလင်းသည့်အချိန်တွင် တစ်ရွာတည်းနေ ဒေါ်သန်းနွဲ့က တွေ့ရှိသဖြင့် ဒေါ်ရီ၏မွေးစားသား မောင်မြင့်ဌေးကို သွားရောက်ပြောသည်။

မောင်မြင့်ဌေးသည် အချင်းဖြစ်ပွားသည့်နေရာကို သွားရောက်ကြည့်ရှုရာတွင် ဒေါ်ရီကို နေအိမ်ဝင်းအတွင်း စပါးကျီအနီးရှိ တန်းလျားပေါ်တွင် လည်ပင်းတွင် ဒဏ်ရာရရှိပြီး သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဒေါ်ရီအား သတ်သူကို အရေးယူပေးရန် မောင်မြင့်ဌေးက လက်ပံလှရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

မန္တလေးတိုင်းတရားရုံး(ပြင်ဦးလွင်ခရိုင်)၏ ပြစ်မှုကြီးအမှတ်-၇၃/၉၇ တွင် တရားခံသန်းဌေး၊ မနန်းရှင်နှင့် ထွန်းကြိုင်တို့သုံးဦးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ အရ တရားစွဲဆိုတင်ပို့ခဲ့ရာ (၁)တရားခံသန်းဌေး၊ (၂)တရားခံမနန်းရှင်တို့နှစ်ဦးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ)/၃၄ အရ ပြစ်မှုထင်ရှားတွေ့ရှိသည်ဟုဆိုကာ သေဒဏ်ကျခံစေရန်နှင့် (၃)တရားခံထွန်းကြိုင်ကို စွဲချက်မတင်မီလွှတ်ကြောင်း အမိန့်ချမှတ်သည်။

တရားခံသန်းဌေးနှင့် တရားခံမနန်းရှင်တို့က အမိန့်ကိုမကျေနပ်သဖြင့် တရားရုံးချုပ်(မန္တလေး)တွင် အယူခံမှုအမှတ်-၃၇၈/၂၀၀၀ အရ အယူခံဝင်ရောက်ကြသလို သေဒဏ်အတည်ပြုမှုအမှတ်-၉/၂၀၀၀ ကိုလည်း ရုံးကဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ တရားရုံးချုပ်(မန္တလေး)က တရားခံသန်းဌေးနှင့် တရားခံမနန်းရှင်တို့ကို တိုင်းတရားရုံး၏ပုဒ်မကို ပြုပြင်ပြောင်းလဲ၍ ပြစ်မှုထင်ရှားစီရင်လျက် သေဒဏ်ချမှတ်သည့်အမိန့်ကို ဆက်လက်အတည်ပြုခဲ့သည်။

သန်းဌေးနှင့် မနန်းရှင်တို့က မကျေနပ်သဖြင့် အထူးအယူခံဝင်ခွင့်လျှောက်ထားခဲ့ရာ အထူးအယူခံမှုအမှတ်-၁၆၄/၂၀၀၀ တွင်-

(၁) အမှုတွင်ပေါ်ပေါက်သည့်သက်သေခံချက်များအရ (၁)တရားခံသန်းဌေးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ)အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းရှိ၊ မရှိ။

(၂) ထို့အတူ (၂) တရားခံမနန်းရှင်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂ (၁)(ခ)/၁၀၉ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းရှိ၊ မရှိဟူသော ပြဿနာကိုကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

သေသူဒေါ်ရီသည် (၃)တရားခံဦးထွန်းကြိုင်၏ မိထွေးတော်စပ်ပြီး (၂)တရားခံ မနန်းရှင်သည် ဦးထွန်းကြိုင်၏ဇနီးဖြစ်သည်။ ယခုအမှုတွင် သေသူဒေါ်ရီကို (၁)တရားခံသန်းဌေးက သတ်ဖြတ်ခဲ့သည်ဆိုသော စွပ်စွဲချက်နှင့်ပတ်သက်၍ မျက်မြင်သက်သေမရှိသော်လည်း မူလခရိုင်တရားရုံးက (၁)တရားခံပေးသော သက်သေခံ(ယ)ဖြောင့်ချက်နှင့် ဦးချစ်မြ(လိုပြ-၂၁) တို့၏ ကြိုတင်ထွက်ဆိုချက်တို့အပေါ်တွင် အဓိကထားသုံးသပ်ပြီး တရားခံများကို သေဒဏ်ချမှတ်ခြင်းဖြစ်သည်။ တရားရုံးချုပ်(မန္တလေး)က တရားခံသန်းဌေး ပေးသောဖြောင့်ချက်ကို တရားခံထံမှ ဓားသိမ်းဆည်းရမိခြင်းက ထောက်ခံသည်ဟု သုံးသပ်ပြီး (၁)တရားခံသန်းဌေးကို မူလခရိုင်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခဲ့သည်။ ဦးညိုဝင်း(လိုပြ-၉)၏ ထွက်ဆိုချက်တို့အပေါ်အခြေခံ၍ မနန်းရှင်က ဒေါ်ရီပိုင်ဆိုင်သည့် ရွှေထည်ပစ္စည်းများကို ပြန်မပေးလိုသဖြင့် မောင်သန်းဌေးကို သတ်ခိုင်းခြင်းဖြစ်ကြောင်း သုံးသပ်ပြီး မနန်းရှင်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ခ)/၁၀၉ အရ သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလရုံးအမှုတွဲကို ကြည့်ရှုရာတွင် **ဖြောင့်ချက်ပေးသူ သန်းဌေးသည် မူလက အမှုတွင် တရားခံအဖြစ်ပါဝင်ခဲ့ခြင်းမရှိပေ။** အမှတ်(၂)တရားခံမနန်းရှင်နှင့်



၎င်း၏ခင်ပွန်းဦးထွန်းကြိုင်တို့နှစ်ဦးကိုသာ သေသူဒေါ်ရီကိုသတ်မှုဖြင့် (ယခုအမှုပြစ်မှုကြီးအမှတ်-၇၃/၉၇ ကို မစွဲဆိုမီ)ပြစ်မှုကြီးအမှတ်-၄၆/၉၇ တွင် တရားစွဲဆိုခဲ့သည်။ တရားလိုပြသက်သေ ၁၂ ဦးကို စစ်ဆေးပြီးသည့်အချိန်တွင်ကျမှ ၎င်းအမှုကို ၁၉၉၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ရုပ်သိမ်းပြီး ယခုအမှု(ပြစ်မှုကြီးအမှတ်-၇၃/၉၇)ကို တရားစွဲဆိုတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း အထူးအယူခံခုံရုံးက ဦးစွာစိစစ်ခဲ့သည်။

သန်းဌေး၏ဖြောင့်ချက်ကို ယခင်စွဲဆိုခဲ့သော (ပိတ်သိမ်းလိုက်သည့် ပြစ်မှုကြီးအမှတ်-၄၆/၉၇) စစ်ဆေးနေဆဲ ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ရယူခဲ့သည်။ ထိုသို့ဖြောင့်ချက်ကို ရယူသည့်အချိန်တွင် သက်သေ ၁၂ ဦးကိုပင် စစ်ဆေးပြီးစီးခဲ့ပြီဖြစ်သည်။ ထိုသို့ ပထမအမှုစစ်ဆေးပြီး အမှုရုပ်လုံးပေါ်လာသည့်အချိန်ကျမှ သန်းဌေး၏ဖြောင့်ချက်ကို ရယူကာ သန်းဌေး၊ မနန်းရှင်နှင့် ဦးထွန်းကြိုင်တို့သုံးဦးကို ထပ်မံတရားစွဲဆိုခြင်းဖြစ်သည်ကိုလည်း အထူးအယူခံခုံရုံးက ဇောစပ်သေချာစွာစိစစ်ခဲ့သည်။

ထိုသို့ ထူးခြားသောအခြေအနေတွင် သန်းဌေးထံမှ ဖြောင့်ချက်ကိုရယူခဲ့သည်ဖြစ်ရာ သန်းဌေးသည် ဖြောင့်ချက်ကို မိမိအလိုအလျောက်ပေးခြင်းရှိ၊ မရှိ ဖြောင့်ချက်ပါထွက်ဆိုချက်များမှာ မှန်ကန်မှုရှိ၊ မရှိ အလေးအနက်ထားပြီး စိစစ်သုံးသပ်ရမည်ဖြစ်ကြောင်း၊ သန်းဌေး၏ဖြောင့်ချက်သည် ဦးချစ်မြ(လိုပြ-၂၁)၏ ကြိုတင်ထွက်ဆိုချက်(သက်သေခံ-င)နှင့် ကိုက်ညီသည်ဟု မူလရုံးက သုံးသပ်ချက်မှာ မှန်ကန်သည်ဟုမဆိုနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၆၄ အရ ရယူသောသက်သေတစ်ဦး၏ ကြိုတင်ထွက်ဆိုချက်ကို တရားခံအပြစ်ရှိ၊ မရှိဆိုသော အချက်နှင့်ပတ်သက်၍ စဉ်းစားရန်မဟုတ်ဘဲ ၎င်းသက်သေ၏ ထွက်ဆိုချက်မှန်၊ မမှန်ဆိုသောအချက်ကိုစိစစ်ရန်အတွက်သာ အသုံးချရမည်ဖြစ်ကြောင်း မောင်ဘသိန်းနှင့် နိုင်ငံတော်အမှု ၁၉၆၇ ခုနှစ်၊ မ.တ.စ စာ-၈၂ စီရင်ထုံးကို** အထူးခုံရုံးက ရည်ညွှန်းကိုးကားခဲ့သည်။

ထို့ပြင် ဦးချစ်မြက စဉ့်ကူးမြို့နယ်တရားရုံးတွင် ကြိုတင်ထွက်ဆိုချက်ပေးရာ၌ **မဟုတ်မမှန်သည်များကို ထွက်ဆိုအစစ်ခံခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။** ဦးချစ်မြသည် ပါဂျဲရိုးကား မှောက်သည့်အမှုတွင် ငွေ၊ ပစ္စည်း၊ ဆယ်လူလာဖုန်းနှင့် လက်နက်များ ပျောက်ဆုံးသည့်ကိစ္စနှင့်စပ်လျဉ်း၍ စဉ့်ကူးရဲစခန်းတွင် ဖမ်းဆီးခြင်းခံရသည်။ ၎င်းပါဂျဲရိုးကားအမှုတွင် ၎င်းကို သက်သာအောင်လုပ်ပေးမည်ဟုရဲကပြောပြီး ထိုသို့ထွက်ဆိုခိုင်းခြင်းဖြစ်၍ ၎င်းကို စွဲဆိုထားသော ပါဂျဲရိုးကားအမှုကို သက်သာရာသက်သာကြောင်း ရရှိရန်အတွက် ကြိုတင်ထွက်ဆိုပေးရခြင်းဖြစ်ကြောင်း ဦးချစ်မြက ထွက်ဆိုထားသည်။ သို့ဖြစ်ရာ ဦးချစ်မြ၏ ကြိုတင်ထွက်ဆိုချက်ကို တရားခံသန်းဌေးအပြစ်ရှိ၊ မရှိ အဆုံးအဖြတ်ပြုရာတွင် ထည့်သွင်းစဉ်းစားနိုင်မည်မဟုတ်ကြောင်း အထူးခုံရုံးက တိတိကျကျစိစစ်သုံးသပ်ခဲ့သည်။

တရားခံ သန်းဌေးထံမှ သက်သေခံ(ခ) ရှာဖွေပုံစံဖြင့် အရိုးအသွား ၂၂ လက်မရှိ ဓားမတစ်ချောင်းကို သိမ်းဆည်းရရှိခဲ့သော်လည်း ဓာတုဗေဒဝန်ရုံး၏ အစီရင်ခံစာ သက်သေခံ(ယ)(၂) အရ ၎င်းဓားတွင် သွေးမတွေ့ရကြောင်း ပြန်ကြားထားသဖြင့် ဓားကို သိမ်းဆည်းရရှိသည်ဆိုရုံမျှဖြင့် ဖြောင့်ချက်ကို ထောက်ခံသည်ဟု ယူဆနိုင်မည်မဟုတ်ကြောင်း ခြေရာနှိုင်းယှဉ်ရာတွင် ဖွေများ၏အနေအထားကို နှိုင်းယှဉ်ခြင်းမဟုတ်ဘဲ ခြေချောင်းများနှင့် ခြေဖဝါးတို့၏အနေအထားကို နှိုင်းယှဉ်ခြင်းဖြစ်၍ တိကျမှန်ကန်ခြင်းမရှိနိုင်၊ ခြေရာကောက်ပါရဂူ၏ ထင်မြင်ချက်ကို တထစ်ချမှန်သည်ဟုယူဆခြင်းမပြုနိုင်ကြောင်း **မိုက်စ ခေါ် ပေါက်စနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၆၆ ခုနှစ်၊ မ.တ.စ စာ-၁၅၁၄** စီရင်ထုံးကို ရည်ညွှန်းကိုးကားခဲ့သည်။

တရားခံသန်းဌေးက ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းသည်။ ရုပ်သိမ်းရာတွင် ရဲကဖြောင့်ချက်ပေးရန် တရားရုံးသို့ ၎င်းကိုခေါ်ဆောင်သွားရာ ရုံးရောက်သည့်အခါ ဖြောင့်ချက်မပေးလိုဟု ၎င်းက ပြောသဖြင့် ဖြောင့်ချက်မပေးခဲ့ရကြောင်း၊ နောက်တစ်နေ့တွင် **ရဲများက ဖြောင့်ချက်ပေးပါက "မနှိပ်စက်ဘူး၊ လွတ်အောင်လုပ်ပေးမည်"ဟုပြောသဖြင့် ၎င်းတို့သင်ပေးသည့်အတိုင်း ဖြောင့်ချက်ပေးခြင်းဖြစ်ကြောင်း၊ ၎င်းကိုဖမ်းဆီးစဉ်က ဤအမှုဖြင့် ဖမ်းခြင်းမဟုတ်ဘဲ ပါဂျဲရိုးကားအမှုတွင် လူသေပြီး လက်နက်နှင့် ပစ္စည်းပျောက်ဆုံးသည့်ကိစ္စနှင့် ပတ်သက်၍ အဖမ်းခံရခြင်းဖြစ်ကြောင်း၊ ပါဂျဲရိုးကားအမှုတွင် လွတ်အောင်လုပ်ပေးမည်ဟုပြောပြီး ရဲက ဖြောင့်ချက်ကိုပေးခိုင်းခြင်းဖြစ်ကြောင်း** သန်းဌေးက ထုချေထားသည်။ သန်းဌေးထုချေချက်ကို ပါဂျဲရိုးကားအမှုတွင် အတူအဖမ်းခံရသော ဦးချစ်မြ (လိုပြ-၂၁)၊ ကိုမောင်မောင် (ခံပြ-၃)၊ ကိုပြည့် (ခံပြ-၄) တို့က ထောက်ခံထွက်ဆိုသည်။ ထို့ပြင် ဦးထွန်းကြိုင် (ခံပြ-၆) ကလည်း သန်းဌေးသည် ၎င်းနေအိမ်သို့ ရေစုပ်စက်ငှားရန် တစ်ကြိမ်သာရောက်ဖူးကြောင်း ထောက်ခံထွက်ဆိုထားသည်များကို အထူးခုံရုံးကစိစစ်ခဲ့သည်။

တရားခံသန်းဌေးက ဖြောင့်ချက်ကို ပြန်လည်ရုပ်သိမ်းထားသဖြင့် ပြန်လည်ရုပ်သိမ်းသောဖြောင့်ချက်ဖြင့် တရားခံကို အပြစ်ပေးမည်ဆိုပါက ၎င်းဖြောင့်ချက်ကို အထောက်အထားပြုသည့် သက်သေခံချက်ရှိမှသာလျှင် အပြစ်ပေးနိုင်မည်ဖြစ်ကြောင်း **မောင်ပန်းရံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၆၀ ပြည့်နှစ်၊ မ.တ.စ စာ-၁၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အလှ ခေါ် မောင်လှနှင့် အခြားနှစ်ဦးအမှု ၁၉၅၈ ခုနှစ်၊ မ.တ.စ စာ-၂၉** စီရင်ထုံးများကို အထူးခုံရုံးက ရည်ညွှန်းကိုးကားခဲ့သည်။

ယခုအမှုတွင် (၁) တရားခံသန်းဌေးပေးသည့် ဖြောင့်ချက်ကို ထောက်ခံသည့်သက်သေခံချက်များမရှိကြောင်း၊ သန်းဌေးပေးသည့်ဖြောင့်ချက်ကို မိမိအလိုအလျောက်ပေးသည်ဟုသော်လည်းကောင်း၊ ဖြောင့်ချက်ပါစကားရပ်များမှာ မှန်ကန်သည်ဟုသော်လည်းကောင်း ယူဆနိုင်မည်မဟုတ်သဖြင့် ၎င်းကို ခရိုင်တရားရုံးနှင့် တရားရုံးချုပ်တို့က ဒေါ်ရီကို သတ်မှုဖြင့် သေဒဏ်ချမှတ်ထားခြင်းမှာ မှန်ကန်သည်ဟုဆိုနိုင်မည်မဟုတ်ကြောင်း အထူးအယူခံခုံရုံးက တိကျခိုင်မာစွာ စိစစ်သုံးသပ်ခဲ့သည်။

(၂) တရားခံ မနန်းရှင်နှင့်စပ်လျဉ်း၍ သန်းဌေး၏ ဖြောင့်ချက်တွင် ငြိစွန်းထွက်ဆိုချက်များပါရှိသည်။ သက်သေခံအက်ဥပဒေပုဒ်မ-၃၀ အရ တရားခံတစ်ဦး၏ဖြောင့်ချက်ကို ပူးတွဲတရားခံအပေါ်တွင်လည်း ထည့်သွင်းစဉ်းစားနိုင်သည်။ ထိုသို့စဉ်းစားရာတွင် ပူးတွဲတရားခံအပေါ် ထင်ရှားသည့်သက်သေခံအထောက်အထားများကို အထောက်အကူဖြစ်စေသည့် သက်သေခံချက်အဖြစ်သာ အသုံးပြုရမည်။ အခြားလွတ်လပ်သော သက်သေခံအထောက်အထားများမရှိပါက ပူးတွဲတရားခံတစ်ဦး၏ ဖြောင့်ချက်တစ်ခုတည်းဖြင့် အခြားတရားခံအပေါ် ပြစ်ဒဏ်စီရင်ခြင်းပြုနိုင်မည်မဟုတ်ကြောင်း **မောင်သော်ကနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၆၅ ခုနှစ်၊ မ.တ.စ စာ-၂၈၉ စီရင်ထုံးကို** ရည်ညွှန်းခဲ့သည်။ ယခုအမှုတွင် သန်းဌေး၏ဖြောင့်ချက်ကို ဖယ်ထုတ်လိုက်ပါက မနန်းရှင်သည် ဒေါ်ရီအသတ်ခံရသောအမှုတွင် ဒေါ်ရီအား သတ်သူကိုအားပေးကူညီသည်ဆိုသော သက်သေခံချက်လုံးဝမရှိကြောင်း အထူးခုံရုံးက စိစစ်ခဲ့သည်။

အမှုတွဲပါသက်သေခံချက်များကို ဆန်းစစ်ကြည့်လျှင်လည်း မနန်းရှင်နှင့် ဦးထွန်းကြိုင်တို့လင်မယားသည် မိထွေး ဒေါ်ရီကို မသေမီက ပြုစုစောင့်ရှောက်ထားသည်ဆိုသော အချက်၊ ဒေါ်ရီ၏ စပါး၊ မြေပဲ၊ နှမ်း၊ ခရမ်းချဉ် အစရှိသည့် တောင်သူလုပ်ငန်းကို ကူညီလုပ်ကိုင်ပေးသည်ဆိုသောအချက်တို့အရ သေသူဒေါ်ရီနှင့် အယူခံတရားလိုတို့ မသင့်မြတ်ကြောင်း၊ ဒေါ်ရီကို ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ရလောက်အောင် ခိုင်မာလုံလောက်သောအကြောင်း တစ်စုံတစ်ရာမရှိကြောင်း၊ သို့အတွက် မန္တလေးတိုင်းတရားရုံးက သေဒဏ်ချမှတ်သည့်အမိန့်နှင့် တရားရုံးချုပ် (မန္တလေး)က သေဒဏ်ကျခံစေရန် ချမှတ်သောအမိန့်တို့ကို ပယ်ဖျက်လိုက်ပြီး သန်းဌေးနှင့် မနန်းရှင်တို့ကို အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။ တရားဥပဒေကပေးသော အခွင့်အရေးအရ အသက်ဘေးမှလွတ်မြောက်ခဲ့သည်။ (သန်းဌေး ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၁ ခုနှစ် ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-၇)ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မြောင်းမြမြို့နယ်တွင် မိုးစပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးပြီးစီး



**မြောင်းမြ အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး ၁၆၅၇၃၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး ၁၆၅၇၃၈ ဧကကို ဇူလိုင်လက စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ မိုးစပါး ၁၆၅၇၃၈ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မိုးစပါးများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ မိုးစပါး ၁၆၅၇၃၈ ဧကလျာထား စိုက်ပျိုးခဲ့ပါတယ်။ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာတွေကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စပါးမစိုက်မီ မြေပြင်ထိ သွားရောက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် ရွှေခရုနဲ့ပတ်သက်ပြီးတော့ တောင်သူပညာပေး လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေး နည်းပညာတွေကို တောင်းခံတာရှိနေလို့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အဆက်မပြတ် ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုတက်ညီလက်ညီ ဆောင်ရွက်ခဲ့လို့ လျာထားချက်ပြည့်မီတဲ့ထိ စိုက်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးချစ်ကိုနိုင်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပေါ်ဆန်းမွှေး၊ ဆင်းသုခ၊ မနောသုခ၊ မင်းရော၊ ရောပဒေသာ၊ ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဒေသမြေအနေအထားရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းညီမျှကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် လုံးလကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှုများ စစ်ဆေး

**ဇီးကုန်း အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းသော သောက်သုံးရေရရှိသုံးစွဲနိုင်စေရန်၊ နွေရာသီ သောက်သုံးရေရှားပါးမှုကို ဖူလုံစေရန် စသည့်ရွယ်ချက်များဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လုံးလကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် ဝန်ထမ်းများ၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် ဝန်ထမ်းများက လုံးလကျေးရွာ၌ တွင်းနက်တူးဖော်နေမှုလုပ်ငန်းများ၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဆိုလာပန့် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။



ဇီးကုန်းမြို့နယ် လုံးလကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၂၃ ဒသမ ၉၃၉၆ သန်း အသုံးပြုပြီး တွင်းအနက်ပေ ၃၀၀၊ တွင်းအကျယ် ၄ ဒသမ ၅ လက်မရှိသော တွင်းနက်တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ 4KW ဆိုလာရေတင်ပန့် တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ပျူတိုင်းရှင်းသားကုမ္ပဏီမှတာဝန်ယူ၍ ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းက ပြောပြ၍ သိရသည်။

**ကိုညို**

# မိုင်းယောင်းမြို့နယ် နောင်ယဲန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဝမ်မန်းကျေးရွာအုပ်စု နောင်ယဲန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နောင်ယဲန်းကျေးရွာတွင် အရှည်ပေ ၅၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစံလင်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင် သိရသည်။

အဆိုပါ နောင်ယဲန်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၁၅ သန်းဖြင့် ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လတတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၁-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၈၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၅၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ယခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှု ကန်ဒေါ်လာ ၁၂၂၆ သန်း ဆောင်ရွက်ထား



**နေပြည်တော် အောက်တိုဘာ ၁၁**

ယခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုအမေရိကန်ဒေါ်လာ ၁၂၂၆ သန်း ဆောင်ရွက်ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ယခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ကာလအတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် အမေရိကန်ဒေါ်လာ ၁၁၀၁ ဒသမ ၃၁ သန်း၊ ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၀၃ သန်း၊ ကန်ပိုက်တီနယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၇၆ သန်း၊ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၂၆ သန်း ဆောင်ရွက်ထားကြောင်း သိရသည်။

"မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုအခြေနေကတော့ ဒီနှစ် ဧပြီ ၁ ရက်ကနေ စက်တင်ဘာ ၃၀ ရက်ထိ အမေရိကန်ဒေါ်လာ ၁၂၂၆ သန်း ဆောင်ရွက်ထားပါတယ်။ နောက်ဆုံးရရှိထားတဲ့စာရင်းအရ ဒီနှစ် ဧပြီ ၁ ရက်ကနေ စက်တင်ဘာ ၃၀ ရက်ထိ ကာလအတွင်းမှာ မူဆယ်နဲ့ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းက အမေရိကန်ဒေါ်လာသန်း ၁၁၀၁ ဒသမ ၃၁ သန်း၊ ချင်းရွှေဟော်က အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၀၃ သန်း၊ ကန်ပိုက်တီက အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၇၆ သန်း၊ ကျိုင်းတုံက အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ သန်း ဆောင်ရွက်ထားတာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

ASH

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်ခြင်းပြုလုပ်

**မင်းဘူး အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီမံကိန်းအကြောင်းအရာများ မိတ်ဆက်ရှင်းလင်းခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF)ရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့်အကြောင်းအရာများ၊ အကျိုးကျေးဇူးများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက တောင်မန်းကျေးရွာသည် ခေတ်မီစံပြကျေးရွာအဖြစ် ရွေးချယ်ထားရှိသော ကျေးရွာဖြစ်သဖြင့် ကျေးရွာကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ယခု ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းဆွေက စီမံကိန်းကျေးရွာရွေးချယ်ပုံများ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစဉ်အဆင့်ခြောက်ဆင့်ဖြင့် ဆောင်ရွက်မည့်နည်းလမ်းများ၊ ရန်ပုံငွေစီမံခန့်ခွဲမှုများ၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၏ သွင်ပြင်လက္ခဏာ ရှစ်ချက်တို့ကို ရှင်းလင်းပြောကြားပြီး ကျေးရွာရပ်မိရပ်ဖများက မရှင်းလင်းသည့် တင်ပြချက်များအပေါ် ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခင်မာ**

# ရှာငံမြို့နယ် လက်ပံပင်ကျေးရွာ၌ ဖြန့်ကျောက်လမ်းခင်းခြင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရှာငံ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လက်ပံပင်ကျေးရွာ၌ ဖြန့်ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊ ဦးစီးအရာရှိ ဦးအောင်လွင်မိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ လက်ပံပင်ကျေးရွာ၌ ဖြန့်ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာလမ်းကော်မတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန်လိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။



လက်ပံပင်ကျေးရွာတွင် ဖြန့်ကျောက်လမ်းအရှည်ပေ ၃၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်က ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(လေင်း)**

# တန့်ယန်းမြို့နယ် ဟိုတာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**တန့်ယန်း အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဟိုတာကျေးရွာအုပ်စု ဟိုတာကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဟိုတာကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဟိုတာကျေးရွာတွင် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆၁ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နံ့လာ**



# မြန်မာ-ဂျပန်နှစ်နိုင်ငံကြား စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချမှုတိုးမြင့်လာစေရန် စီမံကိန်းတစ်ခုရေးဆွဲပြီး ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာ- ဂျပန်နှစ်နိုင်ငံကြား စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချမှုတိုးမြင့်လာစေရန် စီမံကိန်းတစ်ခုရေးဆွဲပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

Project on thematization for potential agriculture product export to japan ဟူသောစီမံကိန်းရေးဆွဲပြီး အဆိုပါစီမံကိန်းအရ ရှမ်းပြည်နယ်ရှိ အောင်ပန်း၊ တောင်ကြီး၊ ရပ်စောက်၊ ပဲခူးတိုင်းဒေသကြီးရှိ ပဲခူးမြို့နှင့် မကွေးတိုင်းဒေသကြီးမှ စိုက်ပျိုးရေးလုပ်ငန်းရှင် တောင်သူများ၏ ထုတ်ကုန်များကို ဂျပန်နိုင်ငံသို့ တင်ပို့သွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဲဒီ Project ကို ဆောင်ရွက်တဲ့အခါမှာ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ ဂျပန်ဈေးကွက်ကို တင်ပို့ဖို့ အလားအလာရှိတဲ့ ထုတ်ကုန်တွေကို ပထမအဆင့် ရွေးချယ်ရမှာပါ။ အဲဒီလို ရွေးချယ်နိုင်ဖို့အတွက် အခုအောက်တိုဘာလ ဒါမှမဟုတ် နိုဝင်ဘာလထဲမှာ ဂျပန်နိုင်ငံကို လေ့လာရေးခရီးသွားရောက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးပါမယ်။ ရရှိလာတဲ့ အချက်အလက်တွေကိုယူပြီး ပြည်တွင်းက အလားအလာရှိတဲ့ ထုတ်ကုန်တွေကို ရွေးချယ်တင်ပို့သွားမှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးသောင်းထွဋ်အောင်က ပြောပြသည်။

ထိုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်တွင်းမှ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်စေရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ယခုနှစ် ဒီဇင်ဘာလလယ်ပိုင်းတွင် မန္တလေးမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးယံ(ဥက္ကလာ)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(Female))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့ (Ph.D ) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၈ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ [Myawady Webportal (www.myawady.net.mm/ nurse(male))]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၂ ရက်နေ့မှ ၁၂-၁၁-၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၃-၁၂-၂၀၂၂ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၃-၁၂-၂၀၂၂ ရက်နေ့မှ ၁၉-၁၂-၂၀၂၂ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ်ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(M.Sc)နှင့် ပါရဂူဘွဲ့(Ph.D) သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်[အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)]အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တော်သီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တော်သီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တော်သီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တော်သီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တော်သီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ဗန်းမော်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာချင်းဆက် နန့်ကျရီချောင်းကူးတံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ဗန်းမော် အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကြီးကျေးရွာနှင့် ကုန်းမဟတ်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် နန့်ကျရီချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဗန်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်းနှင့် တာဝန်ရှိသူများက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၂၃၄ သန်းဖြင့် ဆောင်ရွက်သည့် ကံကြီးကျေးရွာနှင့် ကုန်းမဟတ်ကျေးရွာတို့ကိုဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် နန့်ကျရီချောင်းကူးတံတား တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဗန်းမော်မြို့နယ် ကျေးရွာချင်းဆက် နန့်ကျရီ ချောင်းကူးတံတားအမျိုးအစားသည် RC ကမ်းကပ်ခုံ၊ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်းဖြစ်ပြီး အတိုင်းအတာအားဖြင့် အရှည်ပေ ၁၈၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ လက်မဖြစ်ကြောင်း၊ ယခုနှစ် စက်တင်ဘာလပထမပတ်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ဘိုးပိုင်အုတ်မြစ်လုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာများရှိ စိုက်ဧက ၁၆၀ မှ ထွက်ရှိ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သောသီးနှံများကို ဈေးကွက်သို့ တိုက်ရိုက် သိရသည်။



**ကျော်ဇောဦး(မောရှမ်းမြေ)**




## ဝန်ထမ်းအလိုရှိသည်

**အရောင်းစာရေးမ (၁)ဦး အလိုရှိသည်။**

- ကွန်ပျူတာ(စာရင်းပိုင်း) ကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။
- လိပ်စာအိမ်အမှတ်/ ၁၀၂ ၅၉လမ်း×၁၂၀လမ်းထောင့် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လင်းကတောကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာနေ မပင်မြင့်စံ (၈/မမန(နိုင်)၂၇၅၁၁၀)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးတင်ဝင်း(၈/မမန(နိုင်)၀၁၀၅၅၅)ဖြစ်ပါကြောင်း။

**ဦးတင်ဝင်း(၈/မမန(နိုင်)၀၁၀၅၅၅)**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ တတိယတန်းတွင် ပညာသင်ကြားနေသော မောင်ဝေယံထက် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးခင်မောင်စိုး(၁၂/ဒဂတ(နိုင်)၁၃၄၄၇၆)ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး(၁၂/ဒဂတ(နိုင်)၁၃၄၄၇၆)**

### ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နယ်နေ သက်နိုင်ထွန်း(ဘ) ဦးမြင့်ကြည် (၁၄/သပန(နိုင်)၁၁၅၈၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၉၄၄၆၇၇၄၈**

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ စချစ်ကိုကို(ဘ) ဦးလှမြင့်အောင် (၁၄/ပတန(နိုင်)၁၅၂၄၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၈၄၂၈၈၆၆၈**

### ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ သင်းသင်းစိုး (ဘ) ဦးကျော်စိုး (၁၄/မအပ(နိုင်)၂၂၄၇၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၇၄၆၈၀၄၀၆**

### ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နယ်နေ မျိုးဇော်ကို (ဘ) ဦးလှငြိမ်း (၁၄/အဂပ(နိုင်)၂၅၅၇၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၂၇၆၁၀၀၇**

## ဥတုရာသီ တောကိုမှီ

### ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နယ်နေ ထွန်းလင်းအောင်(ဘ) ဦးအောင်ကြည် (၁၄/အဂပ(နိုင်)၂၁၈၂၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၈၁၆၈၀၇၇၁**

### ပျောက်ဆုံးကြောင်း

ရေကြည်မြို့နယ်နေ အောင်ဇင်မင်း(ဘ) ဦးဝင်းနိုင် (၇/လပတ(နိုင်)၁၈၉၇၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၂၄၄၄၅၇၈**

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နယ်နေ စအောင်မင်းစိုး(ဘ) ဦးစိန်စတင်း (၁၄/ကပန(နိုင်)၂၁၃၁၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၇၉၅၅၁၃၃၂**

### ပျောက်ဆုံးကြောင်း

ကျောင်းကုန်းမြို့နယ်နေ ထွန်းဇော်ဦး(ဘ) ဦးမြင့်ဦး (၁၄/ကကန(နိုင်)၁၄၃၄၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၄၃၈၂၁၅၆**

### ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နယ်နေ မျိုးမင်းဇော်(ဘ) ဦးဇော်ခင် (၁၄/အဂပ(နိုင်)၂၅၇၃၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၈၇၄၇၇၃၈၀၁**

### ပျောက်ဆုံးကြောင်း

ရေကြည်မြို့နယ်နေ စုမြတ်ဆေ(ဘ) ဦးအောင်ရွှေ (၁၄/ရကန(နိုင်)၁၅၆၀၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၉၂၇၆၁၀၀၇**

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နယ်နေ အောင်ဆန်းဦး(ဘ) ဦးအောင်မြင့် (၁၄/ကပန(နိုင်)၁၆၀၁၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၉၃၅၉၀၅၁၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ဗိုင်ကောင်းကုန်းကျေးရွာနေ ဒေါ်ခင်တင်၏ သမီးဖြစ်သူ **မသန်းသန်းဌေး (၉/ဝတန(နိုင်)၁၁၃၃၇၂)**သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် အိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**

**ဒေါ်ခင်တင်**

**(၉/ဝတန(နိုင်)၀၅၁၁၁၄)**

### ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နယ်နေ ချစ်သူအောင်(ဘ) ဦးအောင်အောင် (၁၄/လမန(နိုင်)၁၁၂၅၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၈၃၁၂၇၂၀၉**

### ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နယ်နေ သန့်စင်ဦး (ဘ) ဦးအောင်ကြည် (၁၄/အဂပ(နိုင်)၁၉၃၁၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၆၉၄၈၆၅၈၃**

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နယ်နေ မင်းကိုသူ (ဘ) ဦးကြည်အေး (၁၄/ပသန(နိုင်)၂၀၄၆၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၂၅၀၀၅၇၉**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကား လက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ဦးခင်မောင်ကျော် အသက်(၆၈)နှစ်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)၊ ၈၂-၄၊ အိမ်အမှတ် (၅၂)နေ (ဦးပိုက်မောင်)+(ဒေါ်ငြိမ်းငြိမ်း)တို့၏သား၊ (ဦးရှောက်ချမ်း)+(ဒေါ်ဝမ်ရှောက်ကွယ်)တို့၏သားမက်၊ ကိုမင်းဇော်+မနန်းဆီမောင်၊ ကိုအောင်သက်+မမိုးစန္ဒာမြင့်၊ ကိုသန်းထိုက်အောင်+မနှင်းနှင်းဝေ၊ ကိုသိန်းထိုက်အောင်+မယဉ်ယဉ်အေးတို့၏ ဖခင်၊ မြေး ၉ ယောက်တို့၏အဘိုး

## ဦးခင်မောင်ကျော် အသက်(၆၈)နှစ်

သည် (၁၁-၁၀-၂၀၂၂) ရက်၊ အင်္ဂါနေ့ နံနက် (၈း၅၀)နာရီခွဲ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို (၁၃-၁၀-၂၀၂၂)ရက်နေ့ နံနက် (၁၀း၀၀)နာရီတွင် လမ်း(၈၀) ယူနန်ဘုံကျောင်းမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ "စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်"ကို ခိုင်မာအောင် ဆက်လက်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာ ပါဝင်တဲ့ ဒီတာဝန်အရေးသုံးပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀(စ) အရ တပ်မတော်မှာအဓိကတာဝန်ရှိပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ(Guardian) အဖြစ် ဒီတာဝန်တွေကိုထမ်းဆောင်သွားမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)**

၃၁-၇-၂၀၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဖွင့်ပွဲတွင် ဖွင့်ပွဲဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**☆

# အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများ မရှိစေရေး စသည့်ရည်ရွယ်ချက်များဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ၏တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၁**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေးဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများ မရှိစေရေးတို့အတွက် နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် PDFအမည်ခံအကြမ်းဖက်သမားများအနေဖြင့် အချို့သော ဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊နိုင်ငံပိုင်အဆောက်အအုံများ၊အများပြည်သူနှင့်သက်ဆိုင်သောဆေးရုံများ၊ကျောင်းများ၊နေအိမ်များ၊ ကျေးရွာများ၊

**စာမျက်နှာ ၂၃ ကော်လံ ၁**□

